# ကြေးမုံ
**The Mirror Daily**

၁၉၅၇ မြို့ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့။ | Tuesday, 18 January 2022 | ၁၀၆၂၂


**လောကကို ထွန်းလင်းတောက်ပ**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာ အနှိပ်အစက်မခံရဘဲနေခြင်းသည်လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည်လည်းကောင်း ချမ်းသာ၏။

လောကဝင်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဆင့်မြင့်ပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်

## ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေး

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


**ယနေ့ ဖတ်စရာ**


**စားသုံးသူများ အခွင့်အရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန** စာမျက်နှာ » ၆

**ယာယီပိတ်ထားသည့် တရုတ်-မြန်မာနှစ်နိုင်ငံ လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ် ဖွင့်လှစ်** စာမျက်နှာ » ၈

**ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၁ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းရှိ** စာမျက်နှာ » ၁၈





**လူငယ်နှင့် ဘဝ အောင်မြင်ရေး** စာမျက်နှာ ၂၀၊ ၂၁

ကြေးမုံ

# ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါနှင့် မျိုးရိုးဗီဇပြောင်းရောဂါပိုးသစ် ဖြစ်ပွားနေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် ရောဂါဖြစ်ပွားနှုန်းမြင့်တက်လာခြင်းမရှိဘဲ ထိန်းချုပ်နိုင်သည့်အဆင့်တွင် ရှိနေသည်။ မျိုးရိုးဗီဇပြောင်းရောဂါပိုးသစ်နှင့်ပတ်သက်၍လည်း ဂရုတစိုက်အလေးထားစောင့်ကြည့်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးစောင့်ကြည့်ခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌ အိုမီခရွန်ရောဂါပိုးရှိသူကို စတင်တွေ့ရှိခဲ့သည်။ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများမှ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၅ ရက်တွင် အိုမီခရွန်ရောဂါပိုးရှိသူ ၁၀ ဦးထပ်မံတွေ့ရှိခဲ့သည်။ ရောဂါပိုးတွေ့သူများတွင် မိသားစုဝင်နှစ်ဦးမှာ ပိုးတွေ့သူမှတစ်ဆင့် ကူးစက်ခံရခြင်းဖြစ်သည်။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများမှတစ်ဆင့် အခြားသူများသို့ ကူးစက်ခြင်းမရှိစေရန် ရောဂါဖြစ်ပွားသည့်လူနာများနှင့်ပတ်သက်သော မိသားစုဝင်များအနေဖြင့် ကျန်းမာရေးစည်းကမ်းနှင့်အညီ သတိပြုနေထိုင်ကြရန်လိုအပ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေဆဲဖြစ်သော ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းလုပ်ငန်းများတွင် အထူးအလေးထား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးကို ဆောင်ရွက်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းသည် ထိရောက်သောအကျိုးကျေးဇူးများရှိ၍ ကာကွယ်ဆေးမထိုးရသေးသူများ မပျက်မကွက်ထိုးနှံကြရန်လိုအပ်သည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ ဇန်နဝါရီ ၁၁ ရက်အထိ လူဦးရေ ၂၁ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးပြီးသူ ၁၇ သန်းခန့်နှင့် ပထမအကြိမ်ထိုးနှံပြီးသူ လေးသန်းကျော်ရှိနေပြီဖြစ်သည်။ လက်ရှိတွင် ကာကွယ်ဆေးများလည်း ထပ်မံရောက်ရှိနေပြီး ကျန်ရှိနေသူများ ဆက်လက်ထိုးနှံမှုခံယူသွားကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ အိုမီခရွန်နှင့်ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုစစ်ဆေးလျက်ရှိပြီး ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးခြားခွဲခြားထားရှိရာနေရာများနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ထားခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့်အတူ ပြည်သူများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုများဖြင့် ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လမ်းညွှန်ထားသော ကျန်းမာရေးစည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လေးလေးစားစားလိုက်နာပြီး တက်ကြွစွာဆက်လက်ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။ ထို့အပြင် အလှည့်ကျရရှိလာသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် အကြိမ်ပြည့်ခံယူရန်နှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများတွင် ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအပ်ပါသည်။

သို့ဖြစ်ရာ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုးနှင့်ပတ်သက်၍ မိဘပြည်သူများအနေဖြင့် အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမဖြစ်ဘဲ တစ်ဦးချင်းအလိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ရောဂါလက္ခဏာသံသယရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပို့ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းတို့ကို မပျက်မကွက်ပြုလုပ်ကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကို ပြည်သူများအားလုံး ကျော်လွှားလွတ်မြောက်နိုင်မည်ဖြစ်ပါကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|
| (က) ဒေါက်တာ သန်းသန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ်<br>လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန)<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပညာရေးသုတေသန၊<br>စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာ နေဝင်းဦး<br>ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (က) ဦးအောင်ဆန်းဦး | ပါမောက္ခချုပ်<br>အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဦးမြင့်ချို | ညွှန်ကြားရေးမှူးချုပ်<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန |

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၁-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၂၀၀ | ၆၀၆ | ၄,၉၁၂,၈၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၁,၅၈၄ | ၄,၇၇၃,၇၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၂ | ၁၅,၆၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၁ | ၁၉,၅၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၂၀ | ၅၁,၀၀၀ |
| EFR | ၂,၈၅၀ | ၂,၈၅၀ | ၄၀ | ၁၁၄,၀၀၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၁၁၇ | ၅၉၆,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၃၂.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၁၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၇၈၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၅.၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၉၂၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၃.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၈.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၅၄.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၉.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး

**ပညာရေးသည် လောကဓံကို ကြုံတွေ့ကြရသည့်အခါ အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်စေရန် လိုအပ်သော စိတ်နှင့်ရုပ်လက္ခဏာများ တည်ဆောက်ပေးခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ပညာတတ်လျှင် ကျန်းမာအောင်နေတတ်လာလိမ့်မည်။ ပညာတတ်လျှင် ချမ်းသာအောင် နေတတ်လာလိမ့်မည်ဖြစ်ပါသည်။ ထို့ကြောင့် ပညာတတ်များ ပေါ်ကြွယ်ဝရေး၊ ပညာကိုအခြေခံသည့် အသိပညာ၊ အတတ်ပညာရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေရေး ဆက်လက်ဆောင်ရွက်ကြပါမည်။ မိမိတို့ပြည်သူပြည်သားများ၏ စွမ်းပကားဖြင့် နိုင်ငံတော်တိုးတက်အောင် ဆက်လက်စွမ်းဆောင်ကြပါစို့ဟု တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၄-၁-၂၀၂၂ ရက်နေ့တွင် ပေးပို့သည့် (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❒ ရှေ့ဖုံးမှ

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ပညာရေးကို အလေးထားပြီး မိမိတို့နိုင်ငံ၏ပညာရေးကို တိုးတက်စေလိုကြောင်း၊ ပညာရေးကဏ္ဍသည် နိုင်ငံတစ်ခု တိုးတက်ရေးအတွက် အရေးကြီးကြောင်း၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီး နိုင်ငံများအားလုံးတွင် ပညာရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟု သတ်မှတ်ခံထားရကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့များမှ အုပ်ချုပ်ခဲ့သည့် အချိန်ကာလတွင် ပညာရေးနိမ့်ကျခဲ့ရပြီး လွတ်လပ်ရေးရရှိချိန်တွင်လည်း ပြည်တွင်းသောင်းကျန်းမှုများကြောင့် ပညာသင်ကြားရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် ပညာရေးနိမ့်ကျမှုများ ထပ်မံဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်နယ်များနှင့် တိုင်းရင်းသားဒေသများတွင် ဘာသာစကားအခက်အခဲများနှင့် အခြားသောသွားလာရေး အခက်အခဲများကြောင့် ကျေးလက်ပညာရေးသည် အားနည်းခဲ့ရကြောင်း၊ အစိုးရအဆက်ဆက် တာဝန်ယူဆောင်ရွက်ခဲ့ချိန်များတွင်လည်း ဆရာ ဆရာမများ မပြည့်စုံမှုနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ပညာရေးအားနည်းခဲ့မှုများရှိခဲ့ကြောင်း။

ဆိုရှယ်လစ်ခေတ် ပညာသင်ကြားရေးစနစ်တွင် အားနည်းချက်နှင့် အားသာချက်များရှိခဲ့ပြီး အဓိကအားဖြင့် အင်္ဂလိပ်စာသင်ကြားမှုများတွင် အားနည်းခဲ့သဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် အဆင့်မြင့်ပညာများ သင်ကြားရန်အတွက် အခက်အခဲများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလနောက်ပိုင်း နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တာဝန်ယူချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းများအား သုံးနှစ်ခန့် ပိတ်ထားခဲ့ရကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ပညာသင်ကြားမှုများအား အခြေခံပညာစနစ်နှင့် အဆင့်မြင့်ပညာစနစ်များ အမှန်တကယ်တတ်မြောက်ရေးထက် အတန်းတက်ရေးကိုသာ ဦးစားပေးဆောင်ရွက်ခဲ့သည့်အတွက် အခြေခံပညာတွင် အားနည်းခဲ့သကဲ့သို့ အဆင့်မြင့်ပညာ သင်ကြားမှုများလည်း အားနည်းခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**ပညာတတ်များပေါ်များစေရေး**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များ ပေါ်များရန်လိုအပ်သဖြင့် ပညာတတ်များပေါ်များစေရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ ၅၅ သန်းတွင် သုံးသန်းခန့်သာဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရကြောင်း၊ အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အရေးကြီးသည့်အတွက် မိမိတာဝန်ယူချိန်ကာလအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

- ❖ **တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်ရန်နှင့် လေ့လာသင်ကြားပေးသည့်ကျောင်းများဖြစ်**
- ❖ **ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လို၊ သင်ကြားပေးသည့် ဆရာ ဆရာမများ၏ သင်ကြားမှု အတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံသာမက ကျောင်းသား ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လို**
- ❖ **တက္ကသိုလ်ပညာသင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကိုသာမက ဘဝအတွက် အတွေ့အကြုံများရရှိရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန် လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများဖန်တီး၍ ကျောင်းသား ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လို**

တက္ကသိုလ်များသည် အသိပညာနှင့် အတတ်ပညာများကို တွေးတောကြံစည်နိုင်ရန်နှင့် လေ့လာသင်ကြားပေးသည့် ကျောင်းများဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ကျောင်းများသည် အဆင့်တစ်ခုရှိရန်လိုကြောင်း၊ တက္ကသိုလ်များ၏ ဥပဓိရုပ်နှင့် ကျောင်းများ၏မြင်ကွင်းများကောင်းရန်၊ လူသွားလမ်းများကောင်းရန်နှင့် သာယာလှပသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်စေရေး ဖန်တီးပေးရန်လိုကြောင်း၊ အလားတူ အဆောက်အဦများနှင့် ကျောင်းပရိဝုဏ်များ ကောင်းမွန်စေရေး ကြိုတင်စဉ်းစားဆောင်ရွက်၍ တည်ဆောက်ရန်လိုကြောင်း၊ ကျောင်းသားများ သင်ယူရာတွင် အခက်အခဲမရှိစေရေးနှင့် သင်ကြားမှုများ ထိရောက်စေရေးအတွက် စာသင်ခန်းများနှင့် လက်တွေ့ခန်းများ စနစ်တကျရှိရန်လိုကြောင်း၊ သင်ကြားပေးသည့် ဆရာ ဆရာမများ၏ သင်ကြားမှု အတတ်ပညာသည်လည်း အရေးကြီးသဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံသာမက ကျောင်းသား ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန်လိုကြောင်း။

**လေ့ကျင့်သင်ကြားပေးရန်လို**

ကျောင်းသား ကျောင်းသူများ အားကစား ပြုလုပ်နိုင်စေရန်အတွက် အားကစားကွင်းများနှင့် အားကစားရုံများအား စနစ်တကျဖြင့် တည်ဆောက်ပေးထားရန်လိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို အလေ့အကျင့်ကောင်းများ၊ စိတ်ဓာတ်ကောင်းများ၊ အတတ်ပညာကောင်းများနှင့် တွေးတောကြံဆမှုများရှိစေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တက္ကသိုလ်ပညာ သင်ကြားနေစဉ်အတွင်း စာပေပညာသင်ကြားခြင်းကို သာမက ဘဝအတွက် အတွေ့အကြုံများရရှိရေး အတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးရန်လိုသဖြင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီး၍ ကျောင်းသား ကျောင်းသူများ အမြင်ကျယ်လာစေရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း။

သင်ကြားရေးနှင့် ပတ်သက်၍ တက္ကသိုလ်ပညာရေးသည် အလွတ်ကျက်သည့် ပညာရေးမဟုတ်ဘဲ လေ့လာခြင်း၊ တွေးခေါ်ခြင်းများဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာများ အပြန်အလှန်ဆွေးနွေးပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ တွေးခေါ်မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း သင်ကြားမှုကဏ္ဍတိုးတက်စေရန်အတွက် အမြဲမပြတ် လေ့လာနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုသည် အိမ်နီးချင်းနိုင်ငံများနှင့် အာဆီယံနိုင်ငံများတွင် အောက်ဆုံး၌ရှိနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံတိုးတက်ရေးအတွက် အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ တိုးတက်မှုများ ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာများ တိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စာမျက်နှာ ၄ သို့ »»

- ❖ **ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုအခါ နှစ် ၃၀ အမျိုးသားပညာရေးစီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**
- ❖ **မိမိတို့နိုင်ငံလူဦးရေ ၅၅ သန်းတွင် သုံးသန်းခန့်သာ ဘွဲ့ရရှိသည်ကို တွေ့ရှိရသဖြင့် လူဦးရေ၏ ၁၀ ရာခိုင်နှုန်းအောက်သာ အဆင့်မြင့်ပညာကို သင်ကြားနိုင်သည်ကို တွေ့ရှိရ**
- ❖ **အလားတူ လူဦးရေ ၁၈ သန်းကျော်ခန့်သည် အခြေခံပညာသင်ကြားမှုတွင်လည်း မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာ သင်ကြားနိုင်ခဲ့သည်ကို တွေ့ရ**

❖ **ယနေ့ခေတ်သည် သတင်းနှင့် နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှ တစ်ဆင့် များစွာလေ့လာသင်ယူနိုင်**

❖ **လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လို**

❖ **မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကို အလေးထားရန်နှင့် မိမိတို့ တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လို**

»»» **စာမျက်နှာ ၃ မှ**

လေ့လာမှုနှင့်ပတ်သက်၍ ယနေ့ခေတ်သည် သတင်းနှင့်နည်းပညာခေတ်ဖြစ်သဖြင့် အင်တာနက်မှတစ်ဆင့် များစွာလေ့လာသင်ယူနိုင်ကြောင်း၊ လေ့လာမှုများ ဆောင်ရွက်ရာတွင်လည်း ထဲထဲဝင်ဝင်၊ ထိထိရောက်ရောက် လေ့လာနိုင်ရန်လိုကြောင်း၊ မိမိကိုယ်တိုင် တန်ဖိုးရှိရန်အတွက် မိမိတို့အလုပ်ကိုအလေးထားရန်နှင့် မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များကို အလေးထားရန်လိုကြောင်း၊ အလေးထားခြင်းနှင့် လေးစားခြင်းနှစ်မျိုးရှိကြောင်း၊ ငွေကိုအလေးထားသူများက ငွေနောက်ကိုလိုက်ကြပြီး ပညာအလေးထားသူများက ပညာနောက်ကိုလိုက်ကြကြောင်း၊ အလုပ်ကိုအလေးထားပါက အလုပ်ကိုအချိန်ပေး၍ စူးစိုက်ပြီး ဆောင်ရွက်ရကြောင်း၊ အလားတူ အချိန်ကိုလည်း လေးစားတန်ဖိုးထားရန်လိုကြောင်း၊ မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ချိန်တွင် အလုပ်ကိုအလေးထားခြင်း၊ အချိန်ကို လေးစားခြင်းများဖြင့်သတ်မှတ်ချိန်အတွင်း လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်နိုင်ပြီး တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ပညာသင်ကြားရေးနှင့် ပတ်သက်၍ ကျောင်းသား ကျောင်းသူများ ပညာရပ်များကို အမှန်တကယ်တတ်ကျွမ်းအောင် သင်ကြားပေးစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ စာများများဖတ်ရှုလေ့လာစေရေး တိုက်တွန်းဆောင်ရွက်ပေးမည်ဆိုပါက ကျောင်းသား ကျောင်းသူများ၏ ပညာရေးတိုးတက်လာမည်ဖြစ်ကြောင်း။

စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဆရာ ဆရာမများသည် ဝါသနာ၊ စေတနာ၊ အနစ်နာဖြင့် ပညာသင်ကြားပေးကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဆရာ ဆရာမများအား ပညာအရည်အချင်းအလိုက် ခံစားမှုများကို တိုးမြှင့်ပေးခဲ့ပြီး ဆက်လက်၍လည်း တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်ကြားရေးပိုင်းတွင် တာဝန်ရှိသူများကို သင်ကြားရေးပိုင်းတွင်သာ တာဝန်ပေးအပ်ရန်လိုပြီး အုပ်ချုပ်ရေးနှင့်ပတ်သက်၍အုပ်ချုပ်ရေးတွင် တာဝန်ရှိသူများကိုသာ တာဝန်ပေးအပ်မည်ဆိုပါကအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဆရာ ဆရာမများကိုလည်း တိုးတက်ပြောင်းလဲနေသည့် သင်ခန်းစာအသစ်များကို လေ့လာနိုင်စေရေး မွမ်းမံသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်လိုကြောင်း။

ဘဏ္ဍာရေးသုံးစွဲမှုနှင့် ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများ၊ ဥပဒေများနှင့်အညီ သုံးစွဲနိုင်ရေး သတိပြုဆောင်ရွက်ကြရန်လိုကြောင်း၊ ငွေကြေးများသုံးစွဲရာတွင်လည်း မျှမျှတတ သုံးစွဲနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာများတွင်လည်း မျှတမှုရှိရန်နှင့် မည်သည့်လုပ်ငန်းများကို ဆောင်ရွက်သည်ဖြစ်စေ စေတနာထား၍ ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံ ကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာကိစ္စရပ်များတွင် အဟန့်အတား ရှိနေသည်ကို သိရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်သကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မလိုလား အပ်သော ဆိုးကျိုးများလည်း လျော့နည်းသွားစေနိုင်မည်**

❒ **ကျောဖုံးမှ**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအတွင်းရေးမှူးရုံး အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး၊ ကုန်စည်ကူးသန်းရေးတွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့ တက်ရောက်ကြပြီး ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးသည် မြန်မာ-တရုတ် နယ်စပ်ကုန်စည် ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိနေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအပေါ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၌ အကူအညီ ပေးထားသည်များ ရှိသကဲ့သို့ ဆက်လက်အကူအညီပေးလိုသည့် ကိစ္စရပ်များလည်းရှိကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားအသိပေးထားရှိပြီးဖြစ်ကြောင်း။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံကုန်စည်ကူးသန်းရောင်းဝယ်မှုဆိုင်ရာကိစ္စရပ်များတွင် အဟန့်အတားရှိနေသည်ကို သိရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများကို အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နိုင်သကဲ့သို့ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် မလိုလားအပ်သော ဆိုးကျိုးများလည်း လျော့နည်းသွားစေနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေး၊ အရေးပေါ်တုံ့ပြန်ရေးတို့နှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့များ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူးရုံး အဖွဲ့ခေါင်းဆောင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်က မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးထားချက်များ၊ လိုလားချက်များကို Power point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာပွင့်ဆန်းနှင့် ဦးခင်ရီ၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ဒုတိယဝန်ကြီး ဦးညွန့်အောင်တို့က သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဆွေးနွေးချက်၊ ညှိနှိုင်းချက်နှင့် လိုလားချက်အပေါ် တစ်ချက်ချင်းအလိုက် ဆောင်ရွက်သင့်သည့်၊ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဖြည့်စွက်ဆွေးနွေးလျက် နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြ နွေစပါးစိုက်တောင်သူများအား မျိုးစပါးထောက်ပံ့ပေးအပ်

**ဘားအံ ဇန်နဝါရီ ၁၇**

ကရင်ပြည်နယ် ဘားအံမြို့နယ် သံလှယ်ကျေးရွာအုပ်စု သံလှယ်လျှပ်စစ်မြစ်ရေတင်၏ အကျိုးပြုဧရိယာအတွင်း နွေစပါးကို အပြည့်အဝစိုက်ပျိုးလုပ်ကိုင်နိုင်စေရေး တောင်သူများအား တွန်းအားပေးစည်းရုံးသောအားဖြင့် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီခွဲခန့်က အဆိုပါဧရိယာရှိ ရက် ၉၀ စပါးမျိုး (RS-CS)မျိုးစေ့ထုတ်စိုက်ခင်းငါးဧက၌ ကျင်းပရာ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနပြည်နယ်ဦးစီးမှူး ဦးဇော်ဝမ်းက ကွင်းသရုပ်ပြပွဲဆောင်ရွက်ရခြင်းနှင့် မျိုးစေ့ထုတ်စိုက်ခင်းအကြောင်းကိုရှင်းလင်းပြောကြားပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က သံလှယ်လျှပ်စစ် မြစ်ရေတင်အကျိုးပြုဧရိယာအတွင်း နွေစပါးဧက ၆၀၀၊ အခြားသီးနှံ ၂၀၂ ဧက စုစုပေါင်း ၈၀၂ ဧက ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက တောင်သူများအား မျိုးစပါးများ ထောက်ပံ့ပေးအပ်ခဲ့ကြပြီး တောင်သူများနှင့်အတူ ပျိုးဖျာလိပ်စနစ်ဖြင့်ပျိုးထောင်ထားသော ပျိုးလိပ်များအား ကူဘိုတာခြောက်တန်းသွားကောက်စိုက်စက် နှစ်စီးဖြင့် ကောက်စိုက်သရုပ်ပြခြင်းအား



ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ နွေစပါးစိုက် တောင်သူများအတွက် ယူရီယားဓာတ်မြေဩဇာနှင့် ပြည်သူ့ဓနကုမ္ပဏီလီမိတက်မှ မြေပြုပြင်အထွက်တိုး ဂျစ်(ပ်)ဆမ် သဘာဝကျောက်မှုန့်မြေဩဇာတို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရွှေ့လျားရောင်းချပေးခဲ့ရာ တောင်သူများက ကြည့်ရှုလေ့လာဝယ်ယူခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ စီမံအုပ်ချုပ်မှုကောင်းမွန်ရေးနှင့် စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Reform Workshop) ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

**မှာကြား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုပေးနိုင်သည့် ဝန်ကြီးဌာနဖြစ်ရေး၊ လုပ်ငန်းများပိုမိုလျင်မြန်ထိရောက်စွာ လုပ်ဆောင်နိုင်မည့် ဝန်ကြီးဌာနတွင်း အုပ်ချုပ်စီမံခန့်ခွဲမှုစနစ်ကောင်းတစ်ခုပေါ်ပေါက်လာရေး၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ဌာနများအကြား ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်း၊ အချက်အလက်များ ကိုးကားအသုံးပြုခြင်းဖြင့် မူဝါဒပိုင်း၊ အုပ်ချုပ်မှုပိုင်းတွင်လည်း အရည်အသွေးပြည့်ဝသည့် ယန္တရားတစ်ရပ်ဖြစ်ပေါ်ရေးနှင့်စပ်လျဉ်း၍ ဖော်ထုတ်ဆွေးနွေးရန်ကိစ္စများကို မှာကြားသည်။

**ဆွေးနွေးပြောကြား**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က မိမိတို့ဝန်ကြီးဌာန၏ ရှေ့ဆက်လက်သွားမည့် ခရီးစဉ်တွင် အားလုံးပါဝင်ပြီး ညီညွတ်ခိုင်မာသည့် အဖွဲ့အစည်း (Strong Institution) ဖြစ်လာစေရေး၊ ဝန်ကြီးဌာန၏လုပ်ငန်းစဉ်များကို ဝန်ကြီးဌာနတစ်ခုလုံးမှ ညီညီညွတ်ညွတ်၊ စည်းစည်းလုံးလုံးဖြင့် ဦးဆောင်မှုပုံစံ (Collective Leadership) ဖြင့် ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်က အလုပ်ရုံဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အစီအစဉ်များ၊ နောက်ခံအကြောင်းအရင်းနှင့် စီစဉ်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် ဆွေးနွေးချက်များကို ဆန်းစစ်သုံးသပ်ကာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် ဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေး စီမံချက်တစ်ရပ် ရေးဆွဲဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။



နှစ်ရက်ကြာကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသို့ အဓိကပါဝင်ဆွေးနွေးမည့် ဝန်ထမ်းများ၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲတို့မှ ဝန်ထမ်းများကလည်း Virtual စနစ်ဖြင့် တက်ရောက်ကြသည်။ **သတင်းစဉ်**

# လျှပ်စစ်စမ်းသပ်စစ်ဆေးရေးသင်တန်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်/ ထိန်းသိမ်း /ပြုပြင်မောင်းနှင်ခြင်း သင်တန်းနှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ် (၁) သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်စမ်းသပ်စစ်ဆေးရေးသင်တန်း၊ ဓာတ်အားခွဲရုံများ ပြုပြင်/ထိန်းသိမ်း/မောင်းနှင်ခြင်း သင်တန်းနှင့် အင်ဂျင်နီယာများ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန နေပြည်တော် ဗဟိုသင်တန်းကျောင်း၌ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းစနစ်များနှင့်အညီ ကျင်းပသည်။

**အရည်အသွေးတိုးတက်လာမည်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးရေးနည်းပညာများသည် အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသည့်အတွက် မိမိတို့အိမ်နီးချင်းနိုင်ငံများနှင့်တန်းတူ အင်ဂျင်နီယာဆိုင်ရာအရည်အချင်းများ တိုးတက်စွမ်းဆောင်နိုင်ကြစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စွမ်းဆောင်ရည်မြင့်မားလာမှသာ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ရသည့် လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေး တိုးတက်လာမည်ဖြစ်သကဲ့သို့ လျှပ်စစ်ဓာတ်အား ဆုံးရှုံးမှုများ လျော့နည်းစေရန် စွမ်းဆောင်နိုင်ကြမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးမှုလုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများဖြစ်သည့် Artificial Intelligence (AI)၊ Internet of Things (IOT) ကို အသုံးပြု၍ ကုန်ကျစရိတ်သက်သာ၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ရမှုနည်းပါးပြီး ထိရောက်သည့် စွမ်းဆောင်ရည်များရရှိမည့် AIS, GIS, Unmanned ဓာတ်အားပေးစက်ရုံ၊ ပင်မဓာတ်အားခွဲရုံများကို တည်ဆောက်ခြင်းနှင့် မောင်းနှင်ခြင်း၊ Design များ ရေးဆွဲတတ်စေရန် သင်ကြားပေးမည်ဖြစ်ပြီး လျှပ်စစ်ပစ္စည်းများ စမ်းသပ်စစ်ဆေးခြင်း၊ ထိန်းသိမ်းမောင်းနှင်ခြင်း လုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်တတ်စေရန်လည်း သင်ကြားပေးမည်ဖြစ်ကြောင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေး လျှပ်စစ်ဥပဒေ၊ နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ရေး အသိပညာပေးစည်းရုံးမှုများ ပြုလုပ်ကြရမည်ဖြစ်သကဲ့သို့ ဓာတ်အားလေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးနှင့် ဓာတ်အားခများကို သတ်မှတ်ချိန်အတွင်း ကောက်ခံရရှိရေး အောက်ခြေအထိ ကွင်းဆင်းပြီး ကြီးကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းမှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် M-3 တို့တွင် Geophysical Site Investigation(GSI) Survey လုပ်ငန်းများအား Survey Vessel "MV. PTSC Researcher" ဖြင့် ဆောင်ရွက်သွားမည့် တည်နေရာကိုဖော်ပြသည့် Coordinates များဖြစ်သော လုပ်ကွက်အမှတ် M-3 တွင် Point ASK-12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၅ မိနစ် ၅၈.၆၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၀ မိနစ် ၀၀.၈၃စက္ကန့်၊ လုပ်ကွက်အမှတ်၊ M-9တွင် Point GTK-42C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၆ မိနစ် ၂၀.၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၂၉.၂၈ စက္ကန့်၊ Point KKN-71A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၉ မိနစ် ၄၀.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၉ မိနစ် ၀၅.၇၃ စက္ကန့်၊ Point ZTK-27/A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၄ မိနစ် ၄၈.၆၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၀ မိနစ် ၄၈.၃၂ စက္ကန့်၊ Point GTK-41 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၄ မိနစ် ၁၉.၄၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၄ မိနစ် ၁၂.၅၃ စက္ကန့်၊ Point GTK-41G/D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၉ မိနစ် ၂၅.၉၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၂၁.၄၆ စက္ကန့်၊ Point ZTK-29/A/B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၆ မိနစ် ၀၈.၂၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၅၀.၈၈ စက္ကန့်၊ Point GTK-42A/43 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၄၈.၅၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၂၃.၂၃ စက္ကန့်၊ Point KKN-56CL မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၆ မိနစ် ၅၄.၇၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၈ မိနစ် ၄၃.၃၉ စက္ကန့်၊ Point GTK-10C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၇ မိနစ် ၁၃.၆၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၀၇.၅၃ စက္ကန့်၊ Point KKN-70B/C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၁ မိနစ် ၂၂.၇၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၇ မိနစ် ၄၅.၈၂ စက္ကန့်၊ Point SPA-1-Up Dip မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၁၅.၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၀၉.၉၉ စက္ကန့်၊ Point KKN-39B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၀ မိနစ် ၅၅.၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၂.၈၆ စက္ကန့်၊ Point KKB-55CL မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၇ မိနစ် ၅၂.၉၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၄၄.၉၆ စက္ကန့်၊ Point ZTK-17/C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၂ မိနစ် ၀၃.၂၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၇ မိနစ် ၃၃.၆၉ စက္ကန့်၊ Point ZTK-32 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၁ မိနစ် ၃၂.၈၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၄၈.၈၁ စက္ကန့်၊ Point GTK-14A/14B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၃ မိနစ် ၄၄.၅၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၆ မိနစ် ၄၄.၇၀ စက္ကန့်၊ Point GTK-37/39 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၉ မိနစ် ၅၃.၄၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၄ မိနစ် ၅၇.၄၄ စက္ကန့်၊ Point ZWP19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်၊ Point ZWP-16 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၂၀.၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၃ မိနစ် ၂၇.၃၈ စက္ကန့်၊ Point ZWP-17 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၀၄.၈၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၀ မိနစ် ၃၉.၇၇ စက္ကန့်၊ Point ZWP-18 မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၇ မိနစ် ၀၀.၁၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၆ မိနစ် ၀၅.၅၂ စက္ကန့်နှင့် Point ZWP-19 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၅ မိနစ် ၁၇.၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၆ မိနစ် ၃၅.၇၉ စက္ကန့်တို့အတွင်းတွင် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့အထိ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် M-3 တို့တွင် Geophysical Site Investigation (GSI) Survey လုပ်ငန်းများအား Survey Vessel "MV. PTSC Researcher" ဖြင့် လုပ်ငန်းများဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်တည်နေရာများမှ (၄)ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းမပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# စားသုံးသူများအခွင့်အရေးနှင့် စားသုံးသူရေးရာဦးစီးဌာန

ဒေါက်တာသရဖီထွန်း DOCA(YGN)

နစ်နာဆုံးရှုံးမှုများအတွက် ကုစားခွင့်ဆိုသည်ကို ကမ္ဘာကသိစေရန် အစပြုခဲ့သည်ကတော့ ဟန်မူရာဘီကိုဒ်ဥပဒေပါ။ ကမ္ဘာ့ပထမဦးဆုံး တရားစီရင်ရေးဥပဒေဟု တင်စားခေါ်ဝေါ်ခဲ့ကြသည့် ဘေဘီလုံမြို့ကြီး၏ အရှင်သခင် ဟန်မူရာဘီဘုရင်ကြီးရေးသားပြုစုခဲ့သည့် ဟန်မူရာဘီကိုဒ်ဥပဒေ (Code of Hammurabi) ထဲတွင် "သွားတစ်ချောင်းဆုံးရှုံးမှုအတွက် သွားတစ်ချောင်း"၊ "မျက်လုံးတစ်လုံးဆုံးရှုံးမှုအတွက် မျက်လုံးတစ်လုံး" ဆိုပြီး ဆုံးရှုံးမှုနှင့် တန်းတူပြန်ပေးရသည့် ကုစားခွင့် (သို့မဟုတ်) လျော်ကြေးပြန်ပေးရသည်ဆိုသည်ကို လူသိများပြီး ကမ္ဘာကျော်သည့်လျော်ကြေးဟုသတ်မှတ်မည်ဆိုလျှင် မှားဖွယ်ရာရှိမည်မထင်ပါ။ ယနေ့ခေတ်အမြင်အရ ရက်စက်ကြမ်းကြုတ်မှုရှိသည့် လျော်ကြေး (ဝါ) တရားစီရင်ရေးဟုမြင်နိုင်သော်လည်း ရှေးခေတ်အခါက မျှတမှုရှိသည့်ပြဋ္ဌာန်းချက်ဆိုပြီး လက်ခံခဲ့ကြခြင်းပါ။ တရားစီရင်ရေး (ဝါ) ကုစားခွင့်ဆိုသည်ကို ကိုဒ်ဥပဒေက အစပြုသည်ဟု လက်ခံခဲ့ကြသော်လည်း ခေတ်ကာလ၊ ယဉ်ကျေးမှုနှင့် လက်ခံနိုင်စွမ်းများ ပြောင်းလဲလာသည့်အခါတွင် ရုပ်ပိုင်းဆိုင်ရာနှင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ နစ်နာမှုများအတွက် ကုစားနိုင်မည့် (သို့မဟုတ်) အပြစ်ပေးနိုင်မည့် စည်းကမ်းများကို နိုင်ငံတကာက ဥပဒေများရေးဆွဲပြီး ပြဋ္ဌာန်းလာကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံသားများ၏ နစ်နာမှုနှင့် ဆုံးရှုံးမှုများအတွက် တရားမဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေ၊ အထူးဥပဒေစသည့် ဥပဒေပေါင်းများစွာ ရေးဆွဲကာကွယ်ပေးလျက်ရှိပါသည်။ သို့သော် အသွေးအသားနှင့် တည်ရှိနေသော လူသားများအဖို့ ရုပ်ပိုင်းဆိုင်ရာအပြင် စိတ်ပိုင်းဆိုင်ရာ နစ်နာမှုများပါ ရှိနေပြန်ပါသေးသည်။

**စားသုံးသူအခွင့်အရေး ဆုံးရှုံး**

ရုပ်ပိုင်း၊ ဂုဏ်ပိုင်း၊ နာမည်ဂုဏ်သတင်းပိုင်းနှင့် ပတ်သက်ပြီး ထိခိုက်နစ်နာမှုများရှိလျှင် လက်ရှိမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများနှင့် အရေးယူဆောင်ရွက်၍ရသော်လည်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများအတွက် ကုစားခွင့်ဆိုသည်မှာ မရှိသလောက် နည်းပါးပါသည်။ ဗုဒ္ဓအဆုံးအမအတိုင်း သက်ကြီး၊ ဝါကြီးနှင့် ဆရာသမားများ၏ သွန်သင်လမ်းပြပေးမှုအောက်တွင် နေထိုင်လာကြသည့် မြန်မာလူမျိုးများသည် သည်းခံစိတ်နှင့် အားနာတတ်သည့်စိတ် လွန်စွာကြီးမြင့်ကြသူများ ဖြစ်သည့်အလျောက် ကိုယ်ပိုင်ပစ္စည်း အခိုးခံရလျှင်တောင် ဝဋ်ကြွေးရှိ၍ ပြန်ပေးဆပ်ရသည်ဟုဆိုကာ ဖြေသိမ့်နိုင်ကြသူများ ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာထိခိုက်နစ်နာမှုများ ကြုံတွေ့ရသော်လည်း သည်းခံစိတ်ဖြင့်သာဖြတ်ကျော်ခဲ့ကြသည့်အတွက် မွေးကတည်းက ကိုယ်ပိုင်ရရှိနေကြသည့် ကိုယ့်အခွင့်အရေး (သို့မဟုတ်) စားသုံးသူအခွင့်အရေး ဆုံးရှုံးနေသည်ဆိုသည်ကို သိသူ အလွန်နည်းပါးခဲ့ကြပါသည်။ အခွင့်အရေးမသိသူများအဖို့ ကုစားခွင့်ဆိုသည်မှာ တောင်းရကောင်းမှန်းမသိသည့် အခြေအနေများကို စာရေးသူကိုယ်တိုင်အပါအဝင် စာဖတ်သူများအားလုံးလည်း ကြုံတွေ့ဖြတ်ကျော်ခဲ့ရမည်ဟုထင်ပါသည်။

ကိုယ်ပိုင်ဆိုင်သည့်စက်ဘီးလေး ပျောက်ဆုံးလျှင် ရဲစခန်း၌ အမှုဖွင့်တိုင်တန်း၍ရသည်ဆိုသည်ကို လူအများစုက သိကြသော်လည်း ခရီးသည်တင်ကားစီးရာ၌ ခရီးဆုံးထိမပို့ဘဲ လမ်းခုလတ်တွင် ချပေးခဲ့လျှင်လည်း တိုင်ရမည့်နေရာနှင့် အားထားရမည့် ဥပဒေဆိုသည် မရှိခဲ့ပါ။ အပန်းဖြေခရီးသွားသည့်အခါ ခရီးသွား Agency များက ဟိုတယ်တွင်တည်းရမည်ဆိုကာ အာမခံခေါ်ယူခဲ့ပြီး ဘုန်းကြီးကျောင်းတွင် တည်းခဲ့ရလျှင်လည်း တိုင်ရမည့်နေရာနှင့် အားထားရမည့် ဥပဒေဆိုသည် မရှိခဲ့ပါ။ TV တစ်လုံးဝယ်လိုက်၍ အာမခံကာလမပြည့်မီ ချို့ယွင်းလာမှုအတွက် အာမခံအတိုင်း ပြန်မပြင်ပေးခဲ့လျှင်လည်း တိုင်ရမည့်နေရာနှင့် အားထားရမည့် ဥပဒေဆိုသည်မရှိခဲ့ပါ။ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲ၍ ဖြစ်ပေါ်လာသည့် ထိခိုက်နစ်နာမှုများအနက် နစ်နာမှုအချို့သည် လက်ရှိတည်ဆဲဥပဒေများအရ ဖြေရှင်းပေးရန် အဆင်ပြေသော်လည်း စိတ်ပိုင်းဆိုင်ရာ နစ်နာမှုများကဲ့သို့သော ထိခိုက်မှုများအတွက် လက်ရှိတည်ဆဲဥပဒေများနှင့် ပြဋ္ဌာန်းဥပဒေများအရ ကုစားပေးရန်မလွယ်ကူပါ။ ဥပမာအနေဖြင့် ပြောရလျှင် ခရီးသည်တင်ကားတစ်စီး၏ဝန်ဆောင်မှုကို ရယူစီးနင်းလာသော ခရီးသည်တစ်ဦး၏ SuitCase အား ကားဝမ်းဗိုက်အတွင်း၌ တင်ဆောင်လာခဲ့ရာ ခရီးဆုံးရောက်သည့်အချိန်တွင် ကားဝမ်းဗိုက်အတွင်း၌ တင်ဆောင်ခဲ့သော SuitCase အတွင်း ငါးညှီရေများစွန်းထင်ကာ အနံ့အသက်များ ဆိုးရွားစွာ ထွက်ပေါ်နေသည့်အတွက် စိတ်အနှောင့်အယှက်ဖြစ်ပေါ်ခဲ့၍ ကားပိုင်ရှင်အားပြောကြားရာတွင် တာဝန်ယူပေးမှု မရှိသည့်အခြေအနေမျိုးတွင် အားကိုးရန်နှင့် ကိုးကားစရာဥပဒေလိုအပ်ပါသည်။

**ဖော်ဆောင်ပေးခဲ့**

ယင်းကဲ့သို့သော အခြေအနေများအတွက် ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူသုံးစွဲ၍ ဖြစ်ပေါ်လာသည့် စားသုံးသူ ထိခိုက်နစ်နာမှုများအပေါ် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉) ဖြင့် နစ်နာမှုများအတွက် ပြောဆိုကြားနာပိုင်ခွင့်၊ ကုစားခွင့်၊ လျော်ကြေးရပိုင်ခွင့်နှင့် တရားစွဲဆိုပိုင်ခွင့်များ ရရှိလာအောင် ဖော်ဆောင်ပေးခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူတိုင်းသည် စားသုံးသူဖြစ်၍ စားသုံးသူတိုင်းသည် စားသုံးသူအခွင့်အရေးရထိုက်သူများ ဖြစ်ကြပါသည်။ စားသုံးသူများ၏ အခွင့်အရေးဆုံးရှုံးနစ်နာမှုများနှင့် ထိခိုက်နစ်နာမှုများအတွက် တိုင်ကြားနိုင်သည့်နေရာသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနဖြစ်ပြီး အားထားပြုရမည့်ဥပဒေမှာ စားသုံးသူကာကွယ်ရေးဥပဒေ(၂၀၁၉)ဖြစ်ပါသည်။ သို့သော် လိုအပ်လာလျှင် အခြားဌာနဆိုင်ရာများ၏ အထူး ဥပဒေများ၊ တည်ဆဲဥပဒေများနှင့် အရေးယူဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ပါသည်။ အခြားဥပဒေများနှင့် အရေးယူခြင်းဆိုသည်မှာ မည်ကဲ့သို့သောအခြေအနေမျိုးလဲဟုဆိုလျှင် စားသုံးသူအား ထိခိုက်နစ်နာစေရန် ပြုလုပ်ကျူးလွန်ခဲ့သည့် အကြောင်းအရာသည် စားသုံးသူ ကာကွယ်ရေးဥပဒေအရရော၊ အခြားဌာနဆိုင်ရာ၏ အထူးဥပဒေအရရော အရေးယူဆောင်ရွက်၍ရသည့်အခြေအနေမျိုးတွင် ပိုမိုထိရောက်လေးနက်စေမည့် ပြဋ္ဌာန်းချက်ပေါ်တွင် မူတည်ပြီး တရားစွဲဆိုရမည့်ဥပဒေကို ရွေးချယ်ကာ လိုအပ်ပါက အခြားဌာနဆိုင်ရာများ၏ အထူးဥပဒေများဖြင့် ဌာနမှတရားလိုလုပ်ကာ အရေးယူဆောင်ရွက်ခြင်းမျိုးကို ဆိုလိုခြင်းဖြစ်သည်။ စာရေးသူ၏ အတွေ့အကြုံတစ်ခုအား ပြန်ပြောရမည်ဆိုလျှင် စားသုံးသူတစ်ဦးက ကြက်ကြော်ဝယ်စားရာတွင် အနံ့အရသာ ပြောင်းလဲနေကာ စားသုံးပြီးနောက် ဝမ်းရောဂါခံစားရသည့်အတွက် တိုင်ကြားလာသဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် ရက်လွန်နေသည့် ကြက်အပုပ်အား ပြုပြင်ရောင်းချခဲ့၍ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေထက်ပိုမိုလေးနက်နိုင်မည့် အမျိုးသားအစားအသောက်ဥပဒေဖြင့် တရားစွဲဆိုဆောင်ရွက်ခဲ့ရသည့် ဖြစ်စဉ်မျိုးလည်း ရှိခဲ့ပါသည်။

**တိုင်ကြားမှုပေါင်း ၃၅၀၀ ကျော်အထိ လက်ခံဖြေရှင်း**

စားသုံးသူထိခိုက်နစ်နာမှုများအတွက် အလွယ်တကူတိုင်ကြားနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များကို ဖွင့်လှစ်ဆောင်ရွက်ထားသကဲ့သို့ DOCA Website၊ DOCA Myanmar Mobile Application နှင့် Consumer Call Center များမှ တစ်ဆင့် အဆင်ပြေသည့်နည်းလမ်းများကို ရွေးချယ်တိုင်ကြားနိုင်ပြီဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်မှစ၍ တစ်တိုင်းပြည်လုံးတွင် တိုင်ကြားမှုပေါင်း ၃၅၀၀ ကျော်အထိ လက်ခံဖြေရှင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါသည်။ စားသုံးသူရေးရာဦးစီးဌာန အနေဖြင့်လည်း စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းများအား ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် စစ်ဆေးရေးအရာရှိများစွာလည်း ခန့်အပ်ခဲ့ပြီးဖြစ်ပါသည်။ ကုမ္ပဏီတစ်ခုသည် နိုင်ငံခြားမှ တင်သွင်းသည့်ကုန်ပစ္စည်းဟု ကြော်ငြာကာ ဈေးကြီးကြီးရောင်းချနေသော်လည်း နိုင်ငံခြားမှ တင်သွင်းလာခြင်းမဟုတ်ဘဲ အာရှနိုင်ငံများမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ပြန်လည်ထုပ်ပိုးရောင်းချနေကြောင်းကို စုံစမ်းစစ်ဆေးရေးအရာရှိများက မြေပြင်ကွင်းဆင်းတွေ့ရှိရသည့်အတွက် စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)အရ ဌာနမှ တရားစွဲဆိုခဲ့သောကြောင့် သိန်း ၇၀ ပေးလျော်ရန် ပြစ်ဒဏ်ချခံခဲ့ရပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူများ ထိခိုက်နစ်နာမှုများရှိလာခဲ့လျှင် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ရေးများကို အားတက်သရော ဖြေရှင်းဆောင်ရွက်ကြသကဲ့သို့ စားသုံးသူများအတွက် ဈေးကွက်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ကြရပါသည်။ ဤနေရာတွင် စာရေးသူအနေဖြင့် ဌာနမှ စုံစမ်းစစ်ဆေးရေးအရာရှိများနှင့် ဝန်ထမ်းများက ဈေးကွက်အတွင်းကွင်းဆင်းဆောင်ရွက်နေသည့်အပိုင်းကို ရည်ရွယ်ချက်ငါးချက်ဖြင့် ခွဲခြားပြီး တင်ပြပါရစေ။

**စာမျက်နှာ ၇ သို့** ❑




> **ပြည်သူတိုင်းသည် စားသုံးသူဖြစ်၍ စားသုံးသူတိုင်းသည် စားသုံးသူအခွင့်အရေးရထိုက်သူများ ဖြစ်ကြပါသည်။ စားသုံးသူ ထိခိုက်နစ်နာမှုများအတွက် အလွယ်တကူတိုင်ကြားနိုင်ရန်အလို့ငှာ တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းတွင် စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (CICC) များကို ဖွင့်လှစ်ဆောင်ရွက်ထားသကဲ့သို့ DOCA Website၊ DOCA Myanmar Mobile Application နှင့် Consumer Call Center များမှတစ်ဆင့် အဆင်ပြေသည့်နည်းလမ်းများကို ရွေးချယ်တိုင်ကြားနိုင်ပြီဖြစ်သည့်အတွက် ၂၀၁၅ ခုနှစ်မှစ၍ တစ်တိုင်းပြည်လုံးတွင် တိုင်ကြားမှုပေါင်း ၃၅၀၀ ကျော်အထိ လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့**

# (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၇**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၃/၂၀၂၂)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးထွန်းအုံ၊ ဦးအောင်ကျော်ထွန်း၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်း၊ ဦးမင်းထိန်၊ ဦးဇော်အေးမောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဥပဒေချုပ် ဦးဌေးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**နိုင်ငံ၏ပုံရိပ်ဖြစ်**

ရှေးဦးစွာ ဂုဏ်ပြုအခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်သည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားအပါအဝင် ယခုကာလတွင် ဆောင်ရွက်မည့် ဆောင်ရွက်ချက်များသည် နိုင်ငံ၏ ပုံရိပ်ဖြစ်သည့်အတွက် သာမန်လုပ်ငန်းများထက် ပိုမိုလေးလေးနက်နက် ဆောင်ရွက်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာများ၊ အချိန်အခါမဟုတ် မိုးရွာသွန်းခြင်း အပါအဝင် ဖြစ်ပေါ်လာနိုင်သည့် ကိစ္စရပ်များအားလုံးကို ကြိုတင်မြော်တွေးပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရဲတင့်က အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးများ၊ တာဝန်ရှိသူများက ဂုဏ်ပြုအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဂုဏ်ပြုအခမ်းအနား ကျင်းပရေးကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❖

ပြည်ထောင်စုအကျိုး သယ်ပိုးပို့
အသိပညာ မြှင့်တင်ဖို့

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့်
အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပသည့်

စိန်ရတုပြည်ထောင်စုနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေပွဲတော်

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် မှ ၃၁ ရက်

ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ နေပြည်တော်။

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ "ရေဦးမြို့နယ် ပလူဇာတိုက်နယ်ဆေးရုံမှ ရေဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်မည့် ဆေးဝါးများသယ်ဆောင်လာသည့် လူနာတင်ယာဉ်နှစ်စီးကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်မှု"ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "ကိုဗစ်-၁၉ ရောဂါ ဝေဒနာရှင်များ၏ အဓိကအသက်ကယ်ဆေးဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဖြူးပေးမည့် Liquid Oxygen သယ်ဆောင်လာသော မော်တော်ယာဉ်ကို မြဝတီမြို့နယ်တွင် အကြမ်းဖက်သောင်းကျန်းသူများက အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် အင်္ဂါနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၈၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၆ မှ

ရည်ရွယ်ချက်(၁)အနေဖြင့် စာရေးသူ တာဝန်ထမ်းဆောင်သည့် စားသုံးသူရေးရာဦးစီးဌာနသည် ယခင် ကုန်သွယ်လယ်ယာလက်ထက်မှစ၍ ထမ်းဆောင်ခဲ့သော ပြည်တွင်းကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်တွင်းကုန်သွယ်ရေး အခြေအနေများ၊ ပြည်တွင်းထွက်ကုန်များ၏ အခြေအနေများနှင့် ဈေးနှုန်းအတက်အကျများအား ခန့်မှန်းနိုင်ရန် နေ့စဉ်ဈေးနှုန်းသတင်းအခြေအနေများကို နေ့စဉ်ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ကြရပါသည်။ ရည်ရွယ်ချက်(၂) အနေဖြင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရန်အတွက် ဈေးကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ရာတွင် ဈေးကွက်မရောက်မီနှင့် ဈေးကွက်ရောက်ပြီး ကုန်ပစ္စည်းများအား စားသုံးသူများအတွက် လုံခြုံစိတ်ချရမှု ရှိ၊ မရှိ၊ အသုံးပြုရန် သင့်၊ မသင့်၊ ဘေးအန္တရာယ်ရှိနိုင်မှု အခြေအနေနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြ ပြဋ္ဌာန်းထားခြင်း ရှိ၊ မရှိ တို့အား စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက် (၃) အနေဖြင့် စားသုံးသူရေးရာဦးစီးဌာနသို့ တိုင်ကြားလာသော စားသုံးသူနစ်နာမှုများအား စုံစမ်းစစ်ဆေးရန်လိုအပ်လာပါက ဈေးကွက်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း ဖြစ်ပါသည်။ ရည်ရွယ်ချက် (၄)အနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါများ စတင်ဖြစ်ပွားလျက်ရှိသည့် အခြေအနေများတွင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများအား အရေးကြီးကုန်စည်အဖြစ် ကြေညာထားသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမြင့်မားလာသည့်အချိန်မျိုးတွင် လတ်တလောလိုအပ်ချက်များဖြစ်သည့် စားသောက်ကုန်များ၊ ဆေးဝါးများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ၏ ဈေးနှုန်းနှင့် ပစ္စည်းပြတ်လပ်မှုမရှိစေရေး ဈေးကွက်ကွင်းဆင်းစစ်ဆေးခြင်းဖြစ်ပါသည်။ ရည်ရွယ်ချက် (၅) အနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်များအရ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးမှုဖြင့် ဘိလပ်မြေ၊ ဓာတ်မြေဩဇာ၊ သံချောင်း၊ ဆေးတို့၏ ဈေးနှုန်းအခြေအနေ၊ လက်ကျန်အခြေအနေနှင့် ဈေးကွက်ပြတ်လပ်မှုအခြေအနေများ၊ ကုန်ဈေးနှုန်းမြင့်တင်မှုမရှိစေရေးအတွက် ဗဟိုဘဏ်မှ ရည်ညွှန်းငွေလွှဲနှုန်းဖြင့် ရောင်းချပေးသည့် အမေရိကန်ဒေါ်လာများဖြင့် ဝယ်ယူရရှိလာသည့် စက်သုံးဆီ၊ စားသုံးဆီများကို သက်သာသည့်ဈေးနှုန်းဖြင့် ပြည်သူများထံသို့ အမှန်တကယ်ရောင်းချခြင်း ရှိ၊ မရှိနှင့် ဈေးနှုန်း အခြေအနေများအား သိရှိနိုင်ရန် ဈေးကွက်အတွင်းကွင်းဆင်းဆောင်ရွက်ခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။

ဤကဲ့သို့ ဈေးကွက်ကွင်းဆင်း၍ရရှိသည့် အချက်အလက်များအား ဘေးအန္တရာယ်ရှိနိုင်မှု အခြေအနေ၊ ဈေးကွက်အတွင်း ပျံ့နှံ့မှုအခြေအနေ၊ စားသုံးသူ သုံးစွဲမှုအခြေအနေများကို သုံးသပ်ချက်များနှင့်တကွ တင်ပြဆောင်ရွက်နေကြရခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အားတက်သရော ကာကွယ်စောင့်ရှောက်လျက်ရှိသော စားသုံးသူရေးရာဦးစီးဌာနရှိ ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှု၊ ပြဋ္ဌာန်းထားသောဥပဒေ၏ ကိုးကားအားထားရမှုများကြောင့် စားသုံးသူပြည်သူများ၏ ဌာနများအပေါ် ရောထွေးလျက်ရှိသည့် အမြင်များသည် ရှင်းလင်းကွဲပြားစွာ နားလည်လာကြောင်း ထူးခြားစွာတွေ့နေရပြန်ပါသည်။ ဌာနနာမည်နှင့် ဌာနယူနီဖောင်းကို တွဲမှတ်မိလာသည့် စားသုံးသူများသည် စားသုံးသူနစ်နာမှုများကို ဖြေရှင်းပေးသဖြင့် ကျေးဇူးတင်ကြောင်း သူတို့၏ Social Media တွင် ရေးသားထားသည့် Post များကို တွေ့ရှိလာရခြင်းသည် စားသုံးသူအခွင့်အရေးကို ပြည်သူများသိသွားပြီဆိုသည့်အသိသည်လည်း ဌာနအတွက် ခွန်အားတစ်ခုပင်။ ဈေးဆိုင် Supermarket များတွင်လည်း မြန်မာလို အညွှန်းစာသားအပြည့်အစုံ ဖော်ပြထားသည့် ကုန်အညွှန်းအမှတ်အသားပါသော ကုန်ပစ္စည်းများ နေရာယူတည်ရှိလာကြခြင်းသည် စားသုံးသူကာကွယ်ရေးဥပဒေ၏ ထိရောက်မှုများ ပါလားဟု တွေးတောရင်း စားသုံးသူအခွင့်အရေး ရရှိအောင် ဥပဒေနှင့်အညီ ကြိုးပမ်းကြရဦးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ယာယီပိတ်ထားသည့် တရုတ်-မြန်မာနှစ်နိုင်ငံ လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ် ဖွင့်လှစ်

**ဗန်းမော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ရှိ တရုတ်-မြန်မာနယ်စပ်ဂိတ်ကို ၂၀၂၀ ခုနှစ် ဇူလိုင်လလယ်လောက်ကစတင်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်နိုင်ငံကုန်သွယ်မှုကို တရုတ်နိုင်ငံဘက်က ခြောက်လခန့်ရပ်နားခဲ့ရာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နယ်စပ်ကုန်သွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဇော်မိုးက ကုန်စည်စီးဆင်းမည့်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပြီး နယ်စပ်ဂိတ်ကို ဖွင့်လှစ်ကာ ကုန်သွယ်မှု စတင်ခဲ့သည်။

**ကုန်သွယ်မှုစတင်**

ယင်းသို့နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်မိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးယဉ်မင်းထွန်းနှင့် တာဝန်ရှိသူများက တရုတ်နိုင်ငံဘက်ရှိ တာဝန်ရှိသူများကို အွန်လိုင်းစနစ်ဖြင့် သုံးကြိမ် ဆွေးနွေးခဲ့ပြီး ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းများနှင့်အညီ ယခုလို ကုန်သွယ်မှုစတင်ဆောင်ရွက်နိုင်ခဲ့ကြကြောင်း သိရသည်။

ယခုလို ကုန်သွယ်မှု ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဘက်မှ ကြံနှင့်တစ်သျှူးငှက်ပျောတို့ကို စမ်းသပ်ကာလတွင် တင်ပို့ဆောင်ရွက်မည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဂိတ်ပိတ်စဉ်က နှစ်နိုင်ငံအတွင်း ပိတ်မိနေသောယာဉ်များကို အရေအတွက်တူညီစွာ ဦးစားပေးဆောင်ရွက်မည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ ဓာတ်မြေဩဇာ၊ အထည်အလိပ်နှင့် အိမ်သုံးကုန်ပစ္စည်းမျိုးမျိုးတို့ကို တင်သွင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ ကုန်စည်စီးဆင်းရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ကိုဗစ် -၁၉ ရောဂါ ကာကွယ်မှုအနေဖြင့် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးပြီးသူများကိုသာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ လိုအပ်သည်ဟု ခံစားနေရပါက သတင်းအချက်အလက်မျှဝေရာစင်တာသို့ ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)


# မြန်မာထွက်ကုန် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ

**မန္တလေး ဇန်နဝါရီ ၁၇**

မြန်မာထွက်ကုန် ပဲစင်းငုံအသစ်များ မန္တလေးဈေးကွက်အတွင်းသို့ ယခုဇန်နဝါရီလအတွင်း၌ အဖွင့်ဈေးကောင်းဖြင့် လှိုင်လှိုင်ဝင်ရောက်လာကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ ယင်းပဲစင်းငုံအသစ်များကို ကျောက်ဆည်၊ စစ်ကိုင်း၊ မုံရွာ၊ မြင်းမူ၊ မြောင် စသည့်ဒေသများမှ ဝင်ရောက်လာကြောင်း၊ ယခုနှစ် ပဲစင်းငုံများသည် ရာသီဥတုကောင်းမွန်မှုကြောင့် အရောင်အသွေးနှင့် အလုံးအဖန်များ ကောင်းမွန်လျက်ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်ကာလတူက ပဲစင်းငုံသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ရှိခဲ့ပြီး ယခုနှစ်တွင် လက်ရှိဈေးနှုန်းအနေဖြင့် ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ်လျှင်ငွေကျပ် ၁၂၄၀၀၀ ပေါက်ဈေးဖြင့် အဖွင့်ဈေးကောင်းနေကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

" ပဲစင်းငုံကို မြန်မာလူမျိုးတွေက စားသုံးမှုနည်းပါတယ်။ အဓိက အိန္ဒိယလူမျိုးတွေက မြန်မာပဲစင်းငုံကို ဓာတုကင်းစင်၍ အရသာမှာလည်း တမူထူးခြားတာကြောင့် ကြိုက်နှစ်သက်ပြီး ဝယ်ယူကြပါတယ်။ ဈေးကွက်ထဲမှာ အာဖရိက ပဲစင်းငုံထက် မြန်မာပဲစင်းငုံက ဈေးပိုမိုရရှိပါတယ်။ ထွက်ရှိတဲ့ ပဲစင်းငုံ ၉၅ ရာခိုင်နှုန်းက အိန္ဒိယကို ပို့ရပါတယ်။ ဈေးကွက်ကလည်း အခိုင်အမာရရှိပြီးသားပါ။ အခုချိန်မှာ အိန္ဒိယဝယ်လက်နဲ့ သိုလှောင်ထားသူတွေ ဝယ်နေတာကြောင့် ဈေးနှုန်းကျဆင်းဖို့မရှိနိုင်သေးပါဘူး။ ပဲစင်းငုံက ပြည်ပပို့ကုန်အနေနဲ့ အိန္ဒိယတင်မဟုတ်ပါဘူး။ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နဲ့ ပါကစ္စတန်နိုင်ငံတို့ကလည်း နှစ်စဉ် ပုံမှန်ဝယ်ယူနေကြပါတယ်။ လက်ရှိအချိန်မှာ မန္တလေးဈေးကွက်အတွင်း တစ်နေ့ကို ပဲစင်းငုံအိတ်ရေ ၁၀၀၀၀ အထိ ဝင်ရောက်နေပါတယ်။ မကြာခင်ကာလမှာလည်း ရွှေဘိုနဲ့ ခင်ဦးဒေသဘက်တွေကလည်း ထွက်ရှိလာတော့မှာပါ" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲစင်းငုံမှာ ပဲစင်းငုံအနီ၊ ပဲစင်းငုံအဖြူနှင့် ပဲစင်းငုံအကျားဟူ၍ အမျိုးအစားသုံးမျိုးရှိကြောင်း၊ မြန်မာပြည်အလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ပဲစင်းငုံများကို စိုက်ပျိုးကြကြောင်း၊ ယခုနောက်ပိုင်း တိုးချဲ့စိုက်ပျိုးလာကြရာ ချင်း၊ ကယား၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းလာကြောင်း၊ ပဲစင်းငုံကို မြန်မာနိုင်ငံအစိုးရနှင့် အိန္ဒိယနိုင်ငံအစိုးရတို့ နှစ်နိုင်ငံသဘောတူညီချက်ဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တစ်နှစ်လျှင် ပဲစင်းငုံတန်ချိန် တစ်သိန်းဝယ်ယူမည်ဟု စာချုပ်ချုပ်ဆိုပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပဈေးကွက်အခိုင်အမာရှိနေသည့်အတွက် ပဲစင်းငုံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ် အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်းလေးဦးကို လည်းကောင်း၊ ယနေ့တွင် ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၇၂ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၈၂ ဦးကို လည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များ ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၁၇**

ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ရွာရန်ရွာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်း သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စာရေးဆရာအသင်းက အသက် ၇၀ အထက် စာရေးဆရာ ဆရာမကြီးများအား သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် ရွှေပြည်သာမြို့နယ် စာရေးဆရာ အသင်းရုံးခန်း၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးလမ်းညွှန် စည်းကမ်းချက်များနှင့်အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူးက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်မောင်အုန်း (လယ်ဝေး)က ဂါရဝပြု ပူဇော်ကန်တော့ပွဲ ကျင်းပရခြင်း အကြောင်းကို အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးက မြို့နယ်အတွင်းရှိ ကန်တော့ခံ စာရေးဆရာ ဆရာမကြီး ၃၈ ဦးကိုယ်စား သက်ကြီးကန်တော့ခံ စာရေးဆရာ ဆရာမကြီး ၁၀ ဦးကို ဖိတ်ကြား၍ ပူဇော်ကန်တော့ကြသည့် အခမ်းအနား ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် သက်ကြီး စာရေးဆရာ ဆရာမကြီး ၂၈ ဦးတို့ကိုလည်း အသင်းအမှုဆောင်များက ကန်တော့ခံပစ္စည်း၊ ငွေသားများဖြင့် အိမ်တိုင်ရာရောက် သွားရောက် ဂါရဝပြု ပူဇော် ကန်တော့ခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ကြီး စာရေးဆရာ ဆရာမကြီး ၁၀ ဦးတို့အား မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ကန်တော့ခံပစ္စည်းများနှင့် ငွေသားများ ပေးအပ် ဂါရဝပြု ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



# SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၁-၂၀၂၂) ရက်နေ့

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် "ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်း" များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသို့ ပြည်ပနိုင်ငံများမှ ကယ်ဆယ်ရေးလေယာဉ် (Relief Flight) များဖြင့် ပြန်လည်ဝင်ရောက်လာသူများတွင် SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးတွေ့ရှိမှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာ၍ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူများ၏ ခတ်ခွဲနမူနာများအနက် ကိုဗစ်-၁၉ မျိုးရိုးဗီဇပြောင်းရောဂါပိုး တွေ့ရှိနိုင်သည့် သံသယဖြစ်ဖွယ် ခတ်ခွဲနမူနာများအား ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇစစ်ဆေးခြင်းကို အမျိုးသား ကျန်းမာရေးခတ်ခွဲမှုဆိုင်ရာဌာန၌ (၁၇-၁-၂၀၂၂) ရက်နေ့တွင် ဆောင်ရွက်ခဲ့ရာ SARS-CoV-2 Variant Omicron (အိုမီခရွန်) ရောဂါပိုးကို ခတ်ခွဲနမူနာ (၄၂) ခုတွင် အတည်ပြု တွေ့ရှိခဲ့ရပါသည်။

၃။ အဆိုပါ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူ မြန်မာနိုင်ငံသား (၃၆)ဦးနှင့် နိုင်ငံခြားသား (၆)ဦးမှာ Relief Flight များဖြင့် ဝင်ရောက်လာသူများဖြစ်ပြီး အိန္ဒိယနိုင်ငံမှ (၂၁) ဦး၊ မလေးရှားနိုင်ငံမှ (၁၂) ဦး၊ ဖိလစ်ပိုင်နိုင်ငံမှ (၄) ဦး၊ ထိုင်းနိုင်ငံမှ (၃) ဦး၊ ယူအေအီးနိုင်ငံမှ (၁)ဦးနှင့် စင်ကာပူနိုင်ငံမှ (၁) ဦးတို့ ဖြစ်ပါသည်။

၄။ အိုမီခရွန်ရောဂါပိုးတွေ့ရှိသူများအား သီးသန့်ထားရှိကာ ကုသစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့နှင့် လေကြောင်းခရီးစဉ်တွင် အတူလိုက်ပါလာသည့် ခရီးသည်များနှင့် အနီးကပ်ထိတွေ့သူများအားလည်း အသွားအလာကန့်သတ်ခြင်း (Strict Quarantine) နှင့် ခတ်ခွဲစမ်းသပ် စစ်ဆေးမှုများအား အထူးအားဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်းရောဂါပိုး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းလုပ်ငန်းများအား ပိုမိုအရှိန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် ဇန်နဝါရီ ၁၇

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၆ ရက်နှင့် ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၂၆၈ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၀၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၆၅၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ဒေသခံပြည်သူ ၅၂၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၃ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၈၉၁၃ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ ဒေသခံပြည်သူ ၈၉၄၉ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၈၈၂၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၅၆၄ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၇-၁-၂၀၂၂)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Anti thrombosis | | | | |
| 1 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |
| Symptomatic | | | | |
| 2 | P.O Paracetamol 500 mg | 10X10's tablets/ Box | 1500 | AA Medical |
| 3 | P.O Dextromethophan | 10X10's | 1450 | AA Medical |
| 4 | P.O Bromhexine | 10X10's tablets/ Box | 1000 | Medi Myanmar |
| 5 | P.O Cetrizine | 10X10's / Box | 2200 | AA Medical |
| Supportive | | | | |
| 6 | P.O Multivitamin with/ without zinc | 3X10's / Box | 5600 | OLIVE |
| 7 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 8 | P.O - Pantocid | 10X10's / Box | 7000 | PL |
| 9 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 10 | Injection Pantocid | 1g/Vial | 1500 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# လဟယ်မြို့၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲကျင်းပ

လဟယ် ဇန်နဝါရီ ၁၇

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့၌ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းနှင့် ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီတွင် လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာဂဒေသစီမံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးနေမင်းသူက အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး နာဂရိုးရာယဉ်ကျေးမှုကော်မတီအတွင်းရေးမှူး ဦးမောင်ပိုင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးက တက်ရောက်လာသော တောင်သူများအား ဟင်းသီးဟင်းရွက်မျိုးစေ့များ ပေးအပ်ပြီး တောင်သူများက N.B.A.D.P နည်းပညာဖြင့် စိုက်ပျိုးထားသော နှစ်ရှည်ပင်စိုက်ခင်းကို သွားရောက်ကြည့်ရှုခဲ့ပြီး N.B.A.D.P နှစ်ရှည်ပင်စိုက်ခင်း တောင်သူ ဦးဟောင်ဘီးစိုက်ခင်းတွင် နည်းပညာပေးကွင်းသရုပ်ပြပွဲကို ကျင်းပသည်။

အခမ်းအနားသို့ နာဂဒေသစီမံအုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးနေမင်းသူ၊ စိုက်ပျိုးရေးဦးစီး ဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်ကြည်ဝင်း၊ လဟယ်မြို့နယ် စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးဇာနည်ဝင်းနှင့် ဌာနဆိုင်ရာများ၊ တောင်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

မွေးကြူဇင်

# မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် နို့ချက်စက်ရုံအား ကြည့်ရှုစစ်ဆေး

မန္တလေး ဇန်နဝါရီ ၁၇

သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရသည် ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် နို့ချက်စက်ရုံသို့ သွားရောက်၍ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စက်ရုံတာဝန်ခံများနှင့် တွေ့ဆုံကာ စက်ရုံအား ကြည့်ရှုစစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က နွားနို့ကုန်ကြမ်းပစ္စည်းများ အရည်အသွေးပြည့်မီလုံလောက်စွာရရှိရေး၊ ထွက်ရှိလာမည့်နို့ဆီဘူးများ ဈေးကွက်ရရှိရေး၊ FDA ထောက်ခံချက် အချိန်မီ ရရှိရေး၊ ထုတ်လုပ်ကုန်ကျစရိတ်နှင့် ကုန်ချောတန်ဖိုး နှိုင်းယှဉ်တွက်ချက်ဆောင်ရွက်ရေး၊ စမ်းသပ်ထုတ်လုပ်သည့်ကာလကို ယခုလကုန် စတင်ဆောင်ရွက်နိုင်ရေး၊ ကုန်ကြမ်းများများ ရရှိနိုင်ရေးနှင့် ကုန်ချောအရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရန် ဆက်လက်ဆောင်ရွက်ရေး၊ စက်ရုံအဝင်လမ်း သန့်ရှင်းသပ်ရပ်အောင် ပြင်ဆင်ဆောင်ရွက်ရေး၊ ရေဆိုးထုတ် စနစ်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၁၄-၁-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

**အထူးဟစ်တိုင် သတင်းမီဒီယာမှ တာဝန်ခံအယ်ဒီတာ ဦးအောင်ကျော်ဦးက** မြို့နယ်များတွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ စာရင်းပြုစုခြင်း၊ ကော်မတီဖွဲ့စည်းခြင်းတို့ လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ရွေးကောက်ပွဲ ပြုလုပ်မည်ဟုလည်း ကြားသိရကြောင်း၊ ယင်းကိစ္စကို အတည်ပြုနိုင်ခြင်း ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။

## အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** မဲစာရင်းများပြုစုနေခြင်းနှင့်ပတ်သက်၍ မိမိအနေဖြင့် တင်ပြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် (၅) အရ ရွေးကောက်ပွဲပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ရွေးကောက်ပွဲပြုလုပ်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲပြုလုပ်ရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အားနည်းချက်များ၊ ပြဿနာများ၊ အခက်အခဲများကို သုံးသပ်ပြီး မဲစာရင်းနှင့်ပတ်သက်၍ မှန်ကန်ပြည့်စုံစေရန် ဆောင်ရွက်သည့်အနေဖြင့် မဲစာရင်းများကို ပြန်လည်သုံးသပ်ပြီး ယခင်မဲစာရင်းများမှ မှားယွင်းသည်များကို ပယ်ဖျက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းလုပ်ဆောင်နေသည်မှာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ ယခုဇန်နဝါရီလကုန်ခန့်တွင် First Round ပြီးမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်မဲစာရင်းများထက် ပိုမိုပြည့်စုံမှန်ကန်စွာဖြစ်စေရေး စိစစ်ခြင်းများ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ အလားတူလုပ်ငန်းစဉ် (၁) အရ ဆောင်ရွက်စရာရှိသည်များကို ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ယင်းကိစ္စများပြီးဆုံးပါက နောက်ရွေးကောက်ပွဲ ကျင်းပရာတွင် ကော်မရှင်အဖွဲ့ခွဲကို အများယုံကြည်သူ ပုဂ္ဂိုလ်များပါဝင်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသစ်များ ဖွဲ့စည်းရမည်ဖြစ်ခြင်းကြောင့် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်း၊ ယခုတင်ပြမှုများသည် ကြိုတင်ဆောင်ရွက်နေသည့်လုပ်ငန်းများ ဖြစ်ကြောင်း၊ လိုအပ်သည့်အချက်အလက်များ၊ ဝန်ထမ်းပိုင်းဆိုင်ရာနှင့် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ပွဲကို မည်သည့်အချိန်တွင် ပြုလုပ်မည်ဆိုသည်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း (၁၁) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှိကြောင်း၊ အဆိုပါအထဲမှ ဥပဒေပုဒ်မ (၄၂၅၊ ၄၂၆၊ ၄၂၉) တို့တွင် ဖတ်မည်ဆိုပါက တွေ့ရှိမည်ဖြစ်ကြောင်း၊ အလားတူ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ငန်းစဉ် (၅) အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးမည်ဖြစ်ကြောင်း၊ ထို့အတွက်လည်း လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။



နိုင်ငံရေးပါတီမှ ရွေးကောက်ပွဲစနစ်(PR) နှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းမှတ်တမ်းဓာတ်ပုံများ။

**Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ပါတီများကို စစ်ဆေးထားသည့်စာရင်းများ ထုတ်ပြန်ထားရာတွင် NLD ပါတီ ထုတ်ပြန်ထားသည်ကို မတွေ့ရှိရသေးကြောင်း၊ NLD ပါတီမှ အစစ်ဆေးမခံခြင်းလား၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သွားရောက်မစစ်ဆေးခြင်းလားဆိုသည်ကို ကနဦးမေးလိုကြောင်း၊ အကြမ်းဖက် NUG၊ CRPH၊ PDF များနှင့် NLD တို့၏ဆက်စပ်မှုကို UEC အနေဖြင့် မည်သို့တွေ့ရှိရသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** မိမိတို့အနေဖြင့် ဒီဇင်ဘာလအထိ နိုင်ငံရေးပါတီ ၅၁ ပါတီအား စစ်ဆေးပြီးဖြစ်ကြောင်းကိုလည်း မိမိအနေဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးရန် ၄၂ ပါတီ ကျန်ရှိကြောင်း၊ မိမိတို့စတင်စစ်ဆေးစဉ်က နိုင်ငံရေးပါတီ ၉၃ ပါတီရှိသည့်အနက် ၅၁ ပါတီ စစ်ဆေးပြီးဖြစ်၍ ၄၂ ပါတီ ကျန်ရှိနေခြင်းဖြစ်ကြောင်း၊ အဆိုပါ ပါတီများအနက် ပါတီတစ်ပါတီမှာ ပယ်ဖျက်ခွင့် (ရုပ်သိမ်းခွင့်) တောင်းဆိုခဲ့သည့်အတွက် ဖျက်သိမ်းခဲ့ကြောင်း၊ ၎င်းတို့၏ တင်ပြချက်အရ ပါတီမှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ခြင်းကိုလည်း မိမိတို့အနေဖြင့် ကြေညာပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်အတွက် နိုင်ငံရေးပါတီ ၄၂ ပါတီ ကျန်ရှိသေးပါကြောင်း၊ အဆိုပါအထဲတွင် NLD ပါတီလည်း ကျန်သေးပါကြောင်း၊ မိမိတို့ကော်မရှင်၏အစီအစဉ်အရ နိုင်ငံရေးပါတီများကို ပါတီအကြီး/ အသေးမျှ၍ စစ်ဆေးလျက်ရှိပါကြောင်း၊ NLD ပါတီကို မှ မစစ်ဆေးရသေးကြောင်း၊ သတ်မှတ်ချက်များနှင့်အညီ ပါတီအားလုံးကို စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ ပါတီအားလုံးကို မစစ်ဆေးရသေးသဖြင့် ပါတီများနှင့်ပတ်သက်သည့် စာရင်းဇယား၊ အချက်အလက်အသေးစိတ်ကို အတည်ပြုပြီး တွေ့ရှိရသည့်အနေအထားမျိုး မိမိတို့ မဆောင်ရွက်ရသေးကြောင်း၊ မိမိတို့ ထုတ်ပြန်သည့် သတင်းအချက်အလက်များ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် အချက်များကို အားလုံးအသိပင်ဖြစ် ကြောင်း၊ မိမိတို့ကော်မရှင်က စစ်ဆေးစိစစ်ပြီးမှသာ တိတိကျကျသိရှိရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦးက** ငြိမ်းချမ်းရေးကိစ္စနှင့်ပတ်သက်သည်ဆိုသော်လည်း နိုင်ငံရေးပါတီအစုအဖွဲ့အတွင်းမှ ဖြစ်နေသည့်အတွက် UEC အနေဖြင့် နိုင်ငံရေးပါတီအပိုင်းတွင် လုပ်ငန်းကြန့်ကြာနေသည့် ကိစ္စများကို မည်ကဲ့သို့ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ကို မေးမြန်းလိုပါကြောင်း၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၊ နိုင်ငံရေးပါတီများအစုအဖွဲ့ အမြဲတမ်းကော်မတီတွင် ၁၆ ပါတီရှိသည့်အနက် လုပ်ငန်းလုပ်ဆောင်နိုင်သည့် အခြေအနေမရှိသေးဟု သိရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကြီးက ပြောထားသကဲ့သို့ အစောပိုင်းက ဗိုလ်ချုပ်ဇော်မင်းထွန်းကလည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် ယခုနှစ်က ငြိမ်းချမ်းရေးဖော်ဆောင်မည့်နှစ်ဟုပြောခဲ့ပါကြောင်း၊ ထို့ကြောင့် ၎င်း၏သက်တမ်းမှာ လေးလသာရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ၁၁ လပိုင်းတွင် အဆိုပါကော်မတီကို စတင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုကော်မတီ၏ သက်တမ်းလေးလအနက် နှစ်လခန့်မှာ အလုပ်မလုပ်ဖြစ်ဘဲ သက်တမ်းကုန်သည့်သဘောဖြစ်နေကြောင်း၊ ထို့ကြောင့် UEC အနေဖြင့် နိုင်ငံရေးပါတီများ၏ကိစ္စကို အဓိကလုပ်ဆောင်နေသဖြင့် ငြိမ်းချမ်းရေးကော်မရှင်နှင့်ချိတ်ဆက်၍ ငြိမ်းချမ်းရေးလုပ်ငန်းများဖော်ဆောင်ရာတွင် အကူအညီ တောင်းခံလာခဲ့မည်ဆိုပါက ကြားဝင်ပေါင်းစပ်ညှိနှိုင်းပေးသည့် သဘောဖြစ်စေ ဆောင်ရွက်၍ရနိုင်မည့် အခြေအနေ ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** နိုင်ငံတော်မှ လုပ်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံရေးပါတီများလည်း ပါဝင်ဆောင်ရွက်နေကြောင်း၊ ယခင်ကလည်း ပါဝင်ဆောင်ရွက်နေသကဲ့သို့ လက်ရှိတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများ တိုက်ရိုက်ဆောင်ရွက်သည့် အနေအထားမျိုးရှိကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ယင်းကိစ္စနှင့်ပတ်သက်ပြီး အကြောင်းကြားခြင်း မရှိသေးကြောင်း၊ သို့သော်လိုအပ်ပါက လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**တဲ့ပြောအွန်လိုင်းမီဒီယာမှ အယ်ဒီတာချုပ် ဦးဇော်မင်းဦးက** ၂၀၂၀ ရွေးကောက်ပွဲကာလ၌ မိမိမှာ ဘားအံအကျဉ်းထောင်ထဲတွင် အကျဉ်းကျရောက်နေသဖြင့် ရွေးကောက်ပွဲအား သတင်းစာမှ စောင့်ကြည့်နေခဲ့ကြောင်း၊ ယင်းသို့စောင့်ကြည့်နေစဉ် ကြိုတင်မဲနှင့်ပတ်သက်၍ ပြောလိုကြောင်း၊ ယနေ့ UEC မှ စာအုပ်ကို ဖတ်ကြည့်ရာတွင် မိမိထင်မှတ်ထားသည်နှင့် တစ်ထပ်တည်းဖြစ်နေသည်ကို တွေ့ခဲ့ရကြောင်း၊ မိမိက တိုက်ထဲတွင်နေရသည့်အတွက် ကိုဗစ်ကာလတွင် မိမိတို့တိုက်၏ အခန်း ငါးခန်းကို ကိုဗစ်အတွက် အချုပ်သားများ လာထားပါကြောင်း၊ ထားသည့်အခါ ကြိုတင်မဲပေးရပါကြောင်း၊ ကြိုတင်မဲပေးရာတွင် ကရင်ပြည်နယ်တွင် ဗမာ၊ မွန်၊ ပအိုဝ်းဆိုပါက မဲလေးမဲပေးရပြီး အခြားတိုင်းရင်းသားများသည် မဲသုံးမဲသာပေးရကြောင်း၊ သို့သော် အကျဉ်းထောင်အထဲမှ အချုပ်သားများသည် မဲတစ်မဲစီသာပေးကြရသည်ဆိုပြီး မိမိအား လာရောက်ပြောသူများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ရွေးကောက်ပွဲသည် တစ်ခုခုဖြစ်နိုင်ခြေရှိလိမ့်မည်ဟု မိမိပြောခဲ့ကြောင်း၊ အမှန်တကယ်လည်း ဖြစ်ပွားခဲ့ကြောင်း၊ ထိုဖြစ်စဉ်များကြောင့် တရားစွဲဆိုမှုများလည်း ရှိခဲ့ကြောင်း၊ ယခင် သတင်းစာရှင်းလင်းပွဲတွင် ဦးခင်မောင်ဦးက သဘောရိုးနှင့်ဆိုပါက တရားမစွဲပါဟု ပြောဆိုခဲ့ခြင်းများလည်း ရှိခဲ့ပါကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် အမျိုးသား ပြန်လည်သင့်မြတ်ရေးဟု ဆိုခဲ့သော်လည်း မိမိတို့နိုင်ငံတွင် ပဋိပက္ခများ များပြားနေခြင်းကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မီဒီယာအခန်းကဏ္ဍအနေဖြင့် ပြောရမည်ဆိုပါက မိမိသည် နယ်စည်းမခြားသတင်းထောက်များအသင်းတွင် လုပ်ခဲ့ဖူးခြင်းကြောင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ဖြစ်စေလိုကြောင်း။

တချို့ မဲနှစ်မဲထည့်ခြင်း၊ သုံးမဲထည့်ခြင်းရှိကြောင်း၊ မရိုးသားသည့်နည်းဖြင့် တရားစွဲခြင်းဟု မဆိုလိုကြောင်း၊ သို့သော် မရိုးဖြောင့်ခြင်းတော့ ပေါ်လွင်ကြောင်း၊ ပျောက်ဆုံးနေသည့် မဲများကိုလည်း သက်ဆိုင်ရာကော်မရှင်က အဘယ်ကြောင့် ခွင့်ပြုထားသည်ကိုသိလိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် သဘောရိုးဖြင့် လုပ်ရင်းကိုင်ရင်းနှင့် ရပ်/ကျေးကော်မရှင်များအနေဖြင့် လစာလည်းမရရှိကြောင်း၊ အချို့တိုင်ကြားသူများအနေဖြင့် တစ်နှစ်ကျော်ကြာမှ တိုင်ကြားလာမှုများရှိကြောင်း၊ အမှန်တကယ်အားဖြင့် ရပ်/ကျေးကော်မရှင်မှ လုပ်နည်းကိုင်နည်းမှားခဲ့လျှင် မြို့နယ်ကော်မရှင်၊ ခရိုင်ကော်မရှင်၊ ပြည်နယ်ကော်မရှင်အဆင့်ဆင့်တက်ရမည်ဖြစ်ကြောင်း၊ ပါတီကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်ကသော်လည်းကောင်း၊ လူတစ်ဦးချင်းကသော်လည်းကောင်း တက်ရမည်ဖြစ်ကြောင်း၊ ထိုသို့တက်ထားခြင်းမရှိဘဲ ယခုအချိန်မှ ဘားအံမြို့ အမှတ်(၇) ရပ်ကွက် ရပ်/ ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌကို ခရိုင်ကော်မရှင်ဦးစီးအရာရှိက တရားစွဲခဲ့ကြောင်း၊ ထိုသို့တရားစွဲခြင်းသည် ၎င်းခရိုင်ဦးစီးအရာရှိထံ တိုင်ကြားခြင်းကြောင့် တရားစွဲဆိုခြင်းလားဆိုသည်ကို မေးခွန်းထုတ်စရာဖြစ်နေကြောင်း၊ ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မီဒီယာအခန်းကဏ္ဍမှ သွားစေလိုကြောင်း၊ အချို့အရာများကို ဖြေလျှော့ပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်းမေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက** ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများစသည့် ပြဿနာများဖြစ်ပွားခဲ့မှုအပေါ် အရေးယူဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ မိမိအနေဖြင့် ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကော်မရှင်ထံသို့ အလားတူ တရားမဲ့ပြုကျင့်သည့်ဖြစ်စဉ်များ၊ မဲမသမာမှုဖြစ်စဉ်များ တင်ပြခဲ့ပါက အထောက်အထားစသည့် မှတ်တမ်းများရှိမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၁၁ သို့ ✤

✤ စာမျက်နှာ ၁၀ မှ

အလားတူ ကန့်ကွက်လွှာများတင်ပြခဲ့ပါကလည်း အထောက်အထားနှင့် မှတ်တမ်းမှတ်ရာများရှိကြောင်း၊ အဆိုပါကိစ္စများနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ခဲ့သည့် ပြဿနာများကိုနောင်လာမည့်ရွေးကောက်ပွဲများတွင် ထိုသို့သောပြဿနာများ မဖြစ်စေရန်၊ ပြည်သူလူထုများလည်း သိရှိစေရန်၊ ထိုအနေအထားဖြင့် ၂၀၂၀ အထွေထွေရွေးကောက်ပွဲသည် ကျင်းပပြီးခဲ့သည့် ၂၀၁၀၊ ၂၀၁၅ ရွေးကောက်ပွဲ၊ ကြားဖြတ်ရွေးကောက်ပွဲများနှင့် မတူညီကြောင်း၊ ပြဿနာများလည်း များစွာဖြစ်ခဲ့ပြီး လက်ရှိအခြေအနေအထိ ရောက်ခဲ့ရသည့် အနေအထားကြောင့် မိမိတို့ကော်မရှင်အနေဖြင့် ယင်းသို့ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားရန်အတွက် ပြဿနာများကျူးလွန်မှုနှင့်ပတ်သက်ပြီး စိစစ်ဖော်ထုတ်အရေးယူမှုများရှိကြောင်း၊ သို့သော် မိမိရှင်းလင်းတင်ပြခဲ့သလို စွပ်စွဲခံရသူများသည် ဥပဒေနှင့်အညီ ခုခံချေပနိုင်ခွင့်ရှိကြောင်း၊ ထိုသို့ ခုခံချေပရာတွင် မိမိသည်သဘောရိုးအရ ဆောင်ရွက်ပြီး မှန်မှန်ကန်ကန်ဆောင်ရွက်ရာမှ မှားယွင်းမှုများဖြစ်ပွားသည်ဆိုပါက သက်ဆိုင်ရာ တရားရေးအဖွဲ့အစည်းများမှ ဥပဒေနှင့်အညီသာ စီရင်ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**နိုင်ငံ့အကျိုးပြု သတင်းမီဒီယာမှ သတင်းအယ်ဒီတာကိုခန့်**က လွှတ်တော်သုံးရပ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် တိုင်းပြုပြည်ပြု ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုယ်စားလှယ်လောင်းများ အရည်အချင်းသတ်မှတ်ချက်အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့မဟုတ် ပါတီ၊ မည်သည့်အဖွဲ့အစည်းက သတ်မှတ်ပေးသည်ကို သိလိုကြောင်း မေးမြန်းသည်။

**အရည်အချင်းနှင့်ပတ်သက်၍ နှစ်ပိုင်း**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က ကိုယ်စားလှယ်လောင်း၏ အရည်အချင်းနှင့်ပတ်သက်၍ နှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းရာတွင် ရွေးကောက်ပွဲကော်မရှင်သို့ အရင်တင်သွင်းရမည်ဖြစ်ကြောင်း၊ ထိုသို့ တင်သွင်းရာ၌ ကော်မရှင်မှ ကိုယ်စားလှယ်လောင်းတွင် ရွေးကောက်ခံပိုင်ခွင့်အရ ပြည့်စုံရမည့် အချက်အလက်များနှင့် ကိုက်ညီမှုရှိ/မရှိ မိမိတို့ကော်မရှင်မှ စိစစ်ရမည်ဖြစ်ကြောင်း၊ ကိုက်ညီမှုရှိရန်လိုကြောင်း၊ မကိုက်ညီပါက ဥပဒေကြောင်းအရ သွားရမည်ဖြစ်ကြောင်း၊ ထိုသို့တင်သွင်းရန် ပါတီကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များအတွက် ပါတီအနေဖြင့် မိမိပါတီ၏အစီအစဉ်ဖြင့် ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ပါတီအပိုင်းကရွေးချယ်ပြီး ကော်မရှင်ကို တင်ပြရမည်ဖြစ်ကြောင်း၊ ကော်မရှင်မှ ကိုယ်စားလှယ်လောင်းများအား သတ်မှတ်ချက်နှင့်ညီ၊ မညီ စိစစ်ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**လူထုရင်ဖွင့်သံ သတင်းမီဒီယာမှ အယ်ဒီတာ ဦးမင်းဂေါင်**က ဗိုလ်ချုပ်ဖော်မင်းထွန်း ရှင်းပြသွားသည့်အထဲတွင် (NDAA) အင်ဒို-ပစိဖိတ်ကိစ္စအတွက် အမေရိကန် ဒေါ်လာ ၇ ဒသမ ၁ ဘီလီယံ အထိသုံးမည်ဟု ကြားသိခဲ့ရကြောင်း၊



ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များက စစ်ရေးရည်ရွယ်ချက်အတွက် အသုံးပြုထားခြင်းမရှိသော စစ်ဘက်ပစ်မှတ်မဟုတ်သည့်အဆောက်အအုံများအား အကာအကွယ်ရယူခြင်း၊ ပစ်ခတ်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သည့်ဖြစ်စဉ်နေရာပြပုံ။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြီးခဲ့သည့်သာဓကများလည်း ရှိခဲ့ခြင်းကြောင့် နိုင်ငံရေးတွင် မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဝင်ရောက်စွက်ဖက်လာမည့် အန္တရာယ်များလည်း ရှိလာနိုင်မည်ဟု နိုင်ငံရေးသမားများလည်း လေ့လာသိရှိပြီးဖြစ်ကြောင်း၊ ထိုအခြေအနေတွင် မိမိတို့နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအတွက် အမှန်တကယ် ခိုင်ခိုင်မာမာရှိသည့် ပါတီကောင်းများ မြောက်မြားစွာပေါ်ထွက်လာရန်လိုအပ်ကြောင်း၊ ပါတီများအနေဖြင့် မိမိတို့၏ အမျိုးသားအကျိုးစီးပွားကောင်းရန်ဟူ၍ မူဝါဒများနှင့်တည်ထောင်ပြီး တင်ပြနေသည်များရှိကြောင်း၊ သို့သော်လည်း လက်တွေ့မြေပြင်တွင် ပြီးခဲ့သည့်အနေအထားများအရ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားအတွက် စိုးရိမ်ဖွယ်ရာများတွေ့လာရကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် အဆိုပါပါတီများ၊ နိုင်ငံရေးကိုယ်စားလှယ်များကဲ့သို့ မိမိတို့နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအပေါ် ခိုင်ခိုင်မာမာရှိမည့်ပါတီကောင်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကောင်းများဖြစ်စေရန် လေ့ကျင့်ပျိုးထောင်ရန် အစီအစဉ်များ သို့မဟုတ် NDAA ကဲ့သို့ နောက်ကွယ်မှ စွက်ဖက်လာမည့်အန္တရာယ်များ၊ ၂၀၂၂ ဘတ်ဂျက်အတွက် အန္တရာယ်ကြီးမားစွာရှိလာနိုင်ကြောင်း၊ ထိုအနေအထားတွင် ရရှိသည့်ကာလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ယင်းကိစ္စများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ် ဆောင်ရွက်သွားမည့် အခြေအနေကိုသိလိုကြောင်း မေးမြန်းသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး**က သတင်းထောက်ကြီးမေးသည့် မေးခွန်းသည် မေးခွန်းကောင်း တစ်ခုဖြစ်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ခံရသူများသည် နိုင်ငံတော်ကို အုပ်ချုပ်မည့်အစိုးရများ ဖြစ်လာမည်ဖြစ်သောကြောင့် အရေးကြီးကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် အဆိုပါပုဂ္ဂိုလ်များသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ရှိကြောင်း၊ ထို့ကြောင့်နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများရှိကြောင်း၊ ကိုယ်စားလှယ်များကိုရွေးချယ်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ရွေးကောက်ပွဲဥပဒေများ ရှိကြောင်း၊ အဆိုပါ ဥပဒေများကိုသုံးသပ်ပြီး ပြီးခဲ့သည့် အခက်အခဲများ၊ ပြဿနာများကို သုံးသပ်၍ မိမိတို့နိုင်ငံနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ကောင်းမွန်သည့်ဥပဒေများဖြစ်စေရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုဥပဒေမူဘောင်များ ကောင်းမွန်မှန်ကန် ပြည့်စုံမည်ဆိုပါက အကျိုးရလဒ်သည်လည်း ကောင်းမွန်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းအား သတင်းထောက်များက မေးမြန်းကြသည်။

**NP News သတင်းဌာနမှ သတင်းထောက် ဦးကျော်မျိုးမင်း**က ၂၀၂၁ ခုနှစ် နိုင်ငံရေးအခင်းအကျင်းတွင် ဖေဖော်ဝါရီလနောက်ပိုင်းမှစပြီး လမ်းများပေါ်တွင် တာယာကွင်းများကို မီးရှို့ဖျက်ဆီးခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ အကြမ်းဖက်ပြဿနာများ များစွာဖြစ်ခဲ့ကြောင်း၊ ထိုပြဿနာများဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် လက်နက်ကိုင်တော်လှန်သည့် အဆင့်ထိ ရောက်ခဲ့ကြောင်း၊ ပြည်သူလူထုက ယခုအခြေအနေတွင် နှစ်ဖက်စလုံးကို ကြောက်နေကြရကြောင်း၊ အကြမ်းဖက်သူများကလည်း ၎င်းတို့က နိုင်ပြီဟုပြောကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကလည်း မြေပြင်တွင် ထိန်းချုပ်နိုင်ပြီဟုပြောကြောင်း၊ သို့သော်လည်း ပြည်သူလူထုက ယခုအချိန်အထိ အကြောက်တရားဖြင့်နေရကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းပြန်ကြည့်လျှင်လည်း နှစ် ၇၀ ကျော်တစ်လျှောက်လုံး ပြည်သူများ ကောင်းကောင်းမွန်မွန် ငြိမ်းငြိမ်းချမ်းချမ်းမနေရကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်မှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း၊ လက်ရှိနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူလူထု အေးအေးချမ်းချမ်းနေထိုင်ရအောင် ထိုကိစ္စများကို မည်ကဲ့သို့တာဝန်ယူဆောင်ရွက်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**တိုက်ကြေကားတစ်စီး၏ဒိုင်ယာရီ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က တိုက်ကြေကားတစ်စီး၏ဒိုင်ယာရီကို ဖတ်ရသကဲ့သို့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများရှိခဲ့ကြောင်း၊ သတင်းထောက်ကြီးမေးသကဲ့သို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်ဆိုလျှင် မြန်မာနိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ (၇၅)နှစ်ပြည့်ပြီ ဖြစ်ကြောင်း၊ ထိုနှစ်ပေါင်း ၇၅ နှစ်အတွင်း ပြန်သုံးသပ်ကြည့်လျှင် ၁၉၄၈ ခုနှစ်၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ၊ အစိုးရအပိုင်းအခြားအလိုက် ၂၀၁၁ ခုနှစ်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံထဲ၌ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားသည့်နှစ်မရှိကြောင်း၊ ထို့ကြောင့် တိုက်ကြေကားတစ်စီး၏ ဒိုင်ယာရီဟု ပြောလိုကြောင်း၊ တိုက်ပြီးသား ကားတစ်စီးက မည်သူ့ကြောင့်တိုက်ခဲ့သည်ဖြစ်စေ၊ မည်သည့်အကွေ့၊ မည်သည့်နေရာ၌ တိုက်ခဲ့သည်ဖြစ်စေ၊ တိုက်ပြီးသားကားတစ်စင်းက တိုက်ပြီးသားကားတစ်စင်းသာဖြစ်ကြောင်း၊ ထိုတိုက်ပြီးသားကားက သာမန်မတိုက်ရသေးသည့် ကားများအတိုင်း မိမိမြှင့်ချင်သည့်အရှိန်အတိုင်း မြှင့်၍မရကြောင်း၊ မိမိသွားလိုသည့် အကွေ့အတိုင်းလည်း ကွေ့၍မရကြောင်း၊ ထိန်းထိန်းသိမ်းသိမ်းဖြင့်သာ ထိန်း၍မောင်းရမည်ဖြစ်ကြောင်း၊ ဒရိုင်ဘာထိုင်ခုံတွင် မည်သူထိုင်ထိုင် ထိုင်နေသည့်လူတွင်သာတာဝန်ရှိကြောင်း။

မြန်မာနိုင်ငံတွင်သာ မဟုတ်ဘဲ မိမိတို့ အိမ်နီးနားချင်းနိုင်ငံများတွင်လည်း ထိုသို့သာမြင်ပါကြောင်း၊ တရုတ်နိုင်ငံတွင် အင်္ဂလိပ်-တရုတ် ပထမဘိန်းစစ်ပွဲမှ စတင်ဖြစ်လာပြီး ၁၉၅၀ ပြည့်နှစ်တွင် တရုတ်ကွန်မြူနစ်ပါတီ ပြန်တက်လာပြီးမှသာ ပြုပြင်ပြောင်းလဲမှုများ လုပ်ခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံသည်လည်း ထိုနည်းလည်းကောင်းဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရပြီးခါစတွင်လည်း အိန္ဒိယ - ပါကစ္စတန် ကွဲထွက်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည်လည်း ၁၉၇၁ ခုနှစ် ဘင်္ဂလားဒေ့ရှ်လွတ်မြောက်ရေးစစ်ပွဲ၊ အရှေ့ဘက်ကြည့်သော် လာအိုနိုင်ငံသည်လည်း ထိုနည်းအတိုင်းသာ ဖြစ်နေကြောင်း၊ အိမ်နီးနားချင်းနိုင်ငံထဲတွင် မတိုက်ဖူးသည့်ကားဟူ၍ ထိုင်းနိုင်ငံသာရှိကြောင်း၊ သို့သော် ထိုင်းနိုင်ငံလည်း ပွတ်ဆွဲခံရကြောင်း၊ ဂျပန်က မြန်မာကို စစ်ဆင်ရန်အတွက် ထိုင်းနိုင်ငံကို ဖြတ်ခဲ့ကြောင်း၊ ဒီဘက်ကလည်း ဟိုဘက်ကို စစ်ဆင်ရန်အတွက် ထိုင်းကိုဖြတ်ခဲ့ကြောင်း၊ သို့သော် ထိုကိစ္စများသည် အတိတ်သမိုင်းဖြစ်ရပ်များ ဖြစ်ကြောင်း။

ဖြစ်ခဲ့သည့်ဖြစ်စဉ်တိုင်းတွင် မြန်မာနိုင်ငံ၌ လက်နက်ကိုင်ပဋိပက္ခများဖြစ်သည့်အခါ အမျိုးမျိုးသုံးသပ်ကြကြောင်း၊ တပ်မတော်ကြောင့်၊ တိုင်းရင်းသားလက်နက်ကိုင်များကြောင့် စသည်ဖြင့် အမျိုးမျိုးပြောကြကြောင်း၊ တစ်ဖက်ကလည်း အယူဝါဒရေးရာကြောင့်ဟူ၍ ပြောကြကြောင်း၊ မြန်မာလူမျိုးများ၏ နိုင်ငံရေးဓလေ့စရိုက်ကြောင့်ဟူ၍လည်း ပြောကြကြောင်း၊ မည်သို့ပင်ဖြစ်စေ ဂျက်ဖရီဆာ့(စ) ရေးသားသည့် ဆင်းရဲမှုလွတ်ကင်းအောင်ဆိုသည့် စာအုပ်ထဲတွင် ပါသည့်စကားလုံးကို ကိုးကားလိုကြောင်း၊ ဆင်းရဲမွဲတေမှု(Poverty)က အကြောင်းရင်းတစ်ရပ်တည်း မဟုတ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဆင်းရဲမွဲတေမှုကို လေ့လာသည့်အခါ မကျန်းမာသောလူတစ်ယောက်၊ နာလန်မထသည့် လူတစ်ယောက်ကို ကျန်းမာရေးစစ်ဆေးသည့်အခါ ရောဂါပေါင်းစုံ တွေ့ရသကဲ့သို့လည်းရှိကြောင်း၊ ထို့အတူမည်သူ့ကိုမျှ အပြစ်မတင်ဘဲ လုပ်ဆောင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်လျှင် အဓိကလိုအပ်ချက်ဖြစ်သည်ကို အစိုးရအဆက်ဆက် ဖော်ထုတ်ခဲ့ကြောင်း၊ ငြိမ်းချမ်းရေးမရှိ၍ မိမိတို့တိုင်းပြည်တိုးတက်မှုမရှိခြင်းဖြစ်ကြောင်း၊ သို့သော် လက်တွေ့လုပ်ဆောင်ပြီး ပြေလည်သွားပါသည်ဟူ၍လက်တွေ့တွင်အားလုံးပြေလည်အောင် ဖြေရှင်းပေးနိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း။

ဒီမိုကရေစီ အသွင်ကူးပြောင်းစကာလ ၂၀၁၅ ခုနှစ်တွင် နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် NCA လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းသည် သမိုင်းမော်ကွန်းတစ်ရပ်ဖြစ်ကြောင်း၊ ယခုဒရိုင်ဘာထိုင်ခုံတွင် ထိုင်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့်လည်း ငြိမ်းချမ်းရေးသည်သာ အဓိကဟုမြင်ကြောင်း၊ ငြိမ်းချမ်းရေးမရှိသည့်အတွက် မိမိတို့ခွန်အား၊ စွမ်းအားများ၊ အချိန်များသည် ထိုအပေါ်မှာသာကုန်ခဲ့ရကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အားစိုက်သင့်သလောက်အားမစိုက်ရကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင် ငြိမ်းချမ်းရေးကို လုပ်ဆောင်မည်ဟု ပြောခဲ့ခြင်းဖြစ်ကြောင်း၊ တစ်နှစ်တည်းဆိုသော်လည်း ရောက်နိုင်သည့်အဆင့်ထိရောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီးပြောသည့်အခါ မီဒီယာများကို မိမိမကြာခဏပြောခဲ့သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် NCA လက်မှတ်ရေးထိုးသည်ဆိုသည်မှာ လက်မှတ်ရေးထိုးသည့်အချိန်ကိုသာမြင်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်က NCA လက်မှတ်ရေးထိုးသည့် လူအများစုသည် အနည်းဆုံး Bilateral စာချုပ်ရှိကြကြောင်း၊ Gentlemen’s Agreement များ ရှိကြကြောင်း၊ ၎င်းတို့သည် နယ်မြေသတ်မှတ်ချက်များရှိကြောင်း၊ ထိုအထဲမှအခြေခံပြီး ဖြစ်လာကြောင်း၊ ယခုအချိန်တွင် NCA လက်မှတ်မရေးထိုးသေးသူများ၊ NCA လက်မှတ် ရေးထိုးပြီးသူများသည် ငြိမ်းချမ်းရေးကို တက်လှမ်းနိုင်ရန် အဆင့်များလိုကြောင်း၊

စာမျက်နှာ ၁၂ သို့ ✦

✦ စာမျက်နှာ ၁၁ မှ

ထိုအဆင့်များထဲမှအဆင့်များကို တက်နိုင်ရန် မိမိတို့ကြိုးစားဆောင်ရွက်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**NP News သတင်းဌာန**မှပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဘက်က ၂၀၂၃ ခုနှစ် ဩဂုတ်လမတိုင်မီ ရွေးကောက်ပွဲလုပ်ပေးမည်ဟူ၍ ကတိကဝတ်များရှိခဲ့သည်ကို တွေ့ရကြောင်း၊ ထပ်ပြီးစိတ်ဝင်စားဖွယ်ကောင်းသည့်ကတိကဝတ်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို မည်သည့်အာမခံချက်များ ကြိုပေးထားနိုင်မည်ကို သိလိုကြောင်း၊ ဗိုလ်ချုပ်မှူးကြီးကိုယ်တိုင်ကလည်း ပုဒ်မ ၂၆၁ ကို လွှန်ခဲ့သည့်နှစ်နှစ်ကျော်က ပြောခဲ့ဖူးကြောင်း၊ ယခုကတည်းကကြိုပြီး မည်သို့သော နိုင်ငံရေးကတိကဝတ်များ ပေးနိုင်မည်ကိုသိလိုပါကြောင်း မေးမြန်းသည်။

**အဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့ရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး ပြောခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် နိုင်ငံရေးပါတီ ၉၂ ပါတီရှိကြောင်း၊ ၉၂ ပါတီတွင် တိုင်းရင်းသားပါတီပေါင်း ၄၈ ပါတီရှိကြောင်း၊ တိုင်းရင်းသားပါတီပေါင်း ၄၈ ပါတီထဲတွင် တိုင်းရင်းသားပါတီ ၁၈ ပါတီမှာပူးပေါင်းပြီးဖြစ်ကြောင်း၊ ကချင် သုံးပါတီ၊ ကယားနှစ်ပါတီ၊ ကရင်သုံးပါတီ၊ ချင်းသုံးပါတီ၊ မွန်နှစ်ပါတီ၊ ရခိုင်နှစ်ပါတီ၊ ရှမ်းနှစ်ပါတီတို့ ပူးပေါင်းပြီးဖြစ်ကြောင်း၊ ပြည်နယ်တစ်ဝန်းလုံးကို စည်းရုံးမည့်ပါတီပေါင်း ၇၄ ခုရှိကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တွင် စည်းရုံးမည့်ပါတီ ၁၈ပါတီရှိကြောင်း၊ ပါတီများခွဲမှတ်မည်ဆိုလျှင် တည်ဆဲ ၉၂ ပါတီ၊ တိုင်းရင်းသားပါတီ ၄၈ ပါတီထဲတွင်ပူးပေါင်းပြီးပါတီများပါကြောင်း၊ EAO အဖွဲ့များအနက် NCA လက်မှတ်ရေးထိုးပြီးသား EAO အဖွဲ့များ ၁၀ ခုရှိကြောင်း၊ ၂၀၁၅ ခုနှစ်တွင် ရှစ်ဖွဲ့၊ NLD အစိုးရလက်ထက်တွင် လက်မှတ်ရေးထိုးသည့် နှစ်ဖွဲ့စုစုပေါင်း ၁၀ ဖွဲ့၊ NCA လက်မှတ်ရေးထိုးပြီး EAO အဖွဲ့ ရှစ်ဖွဲ့ရှိကြောင်း၊ အားလုံးအဖွဲ့ကြီးပေါင်း ၁၈ ဖွဲ့ရှိကြောင်း။

နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားပါတီများ၊ EAO အဖွဲ့များကို မိမိတို့ပြောနိုင်သည်မှာ နံပါတ် (၁) အချက်အနေဖြင့် မိမိတို့ကတိပေးထားသည့်အတိုင်း လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲကို ပြန်ပြီးလုပ်ပေးမည်ဖြစ်ကြောင်း၊ နံပါတ် (၂) ပေးနိုင်သည့်ကတိမှာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို မိမိတို့အာမခံကြောင်း၊ ဒီမိုကရေစီကို မိမိမရှင်းပြတော့ဘဲ ဖက်ဒရယ်စနစ်ကိုသာပြောမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁ ရာစုပင်လုံ)တွင် ပြောခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအထဲတွင် ဖက်ဒရယ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဟုပြောကြောင်း၊ မိမိတို့ ယူဆထားသည့် ဖက်ဒရယ်သည် ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ကြောင်း၊ နံပါတ်(၃)အချက်က နိုင်ငံရေးပါတီ၊ တိုင်းရင်းသားပါတီဝင်များ အပါအဝင် နိုင်ငံရေးပါတီများသည် ၎င်းတို့ကို ထောက်ခံသည့် ပြည်သူလူထုကို ကိုယ်စားပြုသည့် လူများဖြစ်ကြောင်း၊ ထို့ကြောင့် မတူကွဲပြားသည့် ကိုယ်စားပြုမှုများရှိကြောင်း၊ ပါတီများက ဝါဒရေးရာအရဖြစ်လာသည့် ပါတီများဖြစ်ကြောင်း၊ ဥပမာပြောရလျှင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုမေးလျှင် ၎င်းကဒီမိုကရေစီဟု ပြောမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီတပ်ထားသည့်ပါတီကို ၎င်းတို့၏ရည်မှန်းချက်ကိုမေးလျှင် ဒီမိုကရေစီဟုပြောကြောင်း၊ ပြည်ခိုင်ဖြိုးပါတီကိုမေးလျှင် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးနှင့် ဒီမိုကရေစီဟု ပြောမည်ဖြစ်ကြောင်း၊ ထိုအရာများသည် ဝါဒရေးရာပါတီများဖြစ်ကြောင်း၊ ၎င်းတို့သွားမည့် ဒီမိုကရေစီလမ်းကြောင်းချင်း အနည်းငယ်ကွဲပြားချင် ကွဲပြားလိမ့်မည်ဖြစ်ကြောင်း၊ လူမျိုးရေးနှင့်ပတ်သက်သည့် ပါတီများသည် လူမျိုးစုအလိုက် ကိုယ်စားပြုသည့်ပါတီများဖြစ်ကြောင်း၊ ဒေသအလိုက် ကိုယ်စားပြုသည့်ပါတီများ အနည်းငယ်ရှိကြောင်း၊ ထိုပါတီများက ကိုယ်စားပြုမှုအပေါ်မူတည်ပြီး ၎င်းတို့၏ပရိသတ်များရှိကြောင်း၊ ထို့ကြောင့် ပါတီများ၊ တိုင်းရင်းသားလူမျိုးစုများကို ကျယ်ကျယ်ပြန့်ပြန့် ကိုယ်စားပြုနိုင်ရေးအတွက် မိမိတို့သည် အချိုးကျကိုယ်စားပြုစနစ် PR ကိုသွားမည်ဟု အာမခံကြောင်း။

နံပါတ် (၄) အချက်ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ၂၀၂၀ ပြည့်နှစ် NCA (၅) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မိမိတို့ဒေသအကျိုးကို မိမိတို့ကိုယ်တိုင် ပိုမိုဖော်ဆောင်နိုင်ရန် သက်ဆိုင်ရာ ဒေသခံပြည်သူများအနေဖြင့် ဒီမိုကရေစီ၏အနှစ်သာရကို ပိုမိုခံစားရရှိနိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရဝန်ကြီးချုပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များက ရွေးချယ်ခန့်ထားနိုင်ရန် တပ်မတော်က လိုလားကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်များ၊ တိုင်းဒေသကြီးလွှတ်တော်များက ရွေးချယ်ခန့်ထားနိုင်ရန် မိမိတို့ ကတိပေးခဲ့ပြီးဖြစ်ကြောင်း၊ အခြေခံဥပဒေပြင်ဆင်ရေးနှင့် ပတ်သက်ပြီး ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား ၂ တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များက ဥပဒေပြုစာရင်း အချက် ၃၄ ချက် မိမိတို့ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဇယား ၅ တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်များက အကောက်ခံရမည့်အကောက်ခွန်များ အချက် ၂၀ ကို ပြင်ဆင်ပေးခဲ့ကြောင်း၊ တိုးချဲ့ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်လျှင် ထပ်မံတိုးချဲ့နိုင်ရန် ဆွေးနွေးမည်ဟု ပြောခဲ့ကြောင်း၊အခြေခံဥပဒေတွင် ပြည်နယ်များ၊ တိုင်းဒေသကြီးများ၏ လုပ်ပိုင်ခွင့်များ အခွန်အကောက်များကို ထိုဇယား ၂ နှင့် ဇယား ၅ တွင် ဖော်ပြထားကြောင်း၊ ထိုသို့ပြုပြင်ကတည်းက တပ်မတော်အနေဖြင့် ထောက်ခံခဲ့ကြောင်း၊ ထိုသို့နောက်ထပ်လုပ်ဆောင်နိုင်ရန် ကတိပေးနိုင်ကြောင်း၊ နံပါတ် (၆) အနေဖြင့် ငြိမ်းချမ်းရေးအတွက် ခြေလှမ်းအသစ်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် UEC နှင့် တွေ့ဆုံခဲ့မှုများရှိကြောင်း၊ ငြိမ်းချမ်းရေး ဦးဆောင်မှုညှိနှိုင်းရေးအဖွဲ့နှင့် တွေ့ဆုံခဲ့ခြင်းများလည်းရှိကြောင်း၊ ထိုနေရာတွင်လည်း လမ်းဖွင့်ပေးထားခဲ့ကြောင်း၊ ညှိနှိုင်းဆွေးနွေးပြီးမှ နောက်ထပ်ခရီးဆက်နိုင်ရန် မိမိတို့ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ မိမိတို့ကတိပေးနိုင်သည့် အချက်ငါးချက်ကို ပြောပြီးဖြစ်ကြောင်း၊ ဆက်လုပ်သွားမည့် အချက်တစ်ချက်ရှိပြီး ထိုအချက် ခြောက်ချက်သည် တိုင်းရင်းသားပါတီများနှင့် EAO အဖွဲ့များကို မိမိတို့လက်တွေ့ဆောင်ရွက်နေသည့်၊ ကတိပေးနိုင်သည့် အချက်များဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။



ဖာပွန်-ကမမောင်း ကားလမ်းတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများ၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနေသည့် ယာဉ်များအား မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်မှု မှတ်တမ်းဓာတ်ပုံ။

**သူရိယနေဝန်းသတင်းဌာန ကိုယ်စားပြု မသဇင်ဦး**က လာမည့်ဖေဖော်ဝါရီလတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန် လွှဲပြောင်းတာဝန်ယူခဲ့သည်မှာ တစ်နှစ်ပြည့်ပြီဖြစ်ကြောင်း၊ တစ်နှစ်ပြည့်ပြီဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက် ပုဒ်မ ၄၂၅ အရဆက်လက်၍ သက်တမ်းတိုးသွားရန် အစီအစဉ် ရှိ၊ မရှိ သိလိုကြောင်းနှင့် လာမည့် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် နောက်ဆုံးထား၍ ရွေးကောက်ပွဲကို ပြန်လည်ကျင်းပပေးသွားမည်ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝန်ကြီးချုပ်က ပြောကြားသွားမှုရှိကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးအခြေအနေသည် ယနေ့ကာလတွင် တည်ငြိမ်မှုမရှိသေးသဖြင့် လာမည့် ၂၀၂၃ ခုနှစ်တွင် မိမိတို့မျှော်လင့်ထားသကဲ့သို့ ရွေးကောက်ပွဲကြီးကျင်းပရန် ဖြစ်မှဖြစ်ပါ့မလားဆိုသည့် စိုးရိမ်စိတ်များ ဖြစ်နေကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး သိရှိလိုကြောင်းမေးမြန်းသည်။

**ပြဋ္ဌာန်းချက်များ၊ နည်းလမ်းများရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ပြီဖြစ်ကြောင်း၊ တစ်နှစ်ပြည့်မြောက်ပြီးလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ မိမိတို့လုပ်ဆောင်ရမည့်ပြဋ္ဌာန်းချက်များ၊ နည်းလမ်းများရှိပြီးဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရှိနေသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို အခြေအနေတင်ပြပြီး သက်တမ်းတိုးနိုင်ရန် ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုဖြစ်ပျက်နေသည့်အခြေအနေမှာ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးမြောက်ပိုင်း၊ တချို့နေရာများတွင် မငြိမ်မသက်ဖြစ်နေသည်များ၊ အကြမ်းဖက်မှုများရှိနေသေးကြောင်း၊ ၂၀၂၃ ခုနှစ် ဩဂုတ်လသည် ဥပဒေအရ နောက်ဆုံးရွေးကောက်ပွဲ ကျင်းပရမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး မိမိတို့ကတိအတိုင်းဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်မငြိမ်မသက်ဖြစ်အောင် မိမိတို့လုပ်ဆောင်နေခြင်းမဟုတ်ကြောင်း၊ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် တချို့သော EAO အဖွဲ့ထဲကအစိတ်အပိုင်းအချို့ကသာ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် EAO အဖွဲ့များနှင့်ပတ်သက်ပြီး မိမိတို့၏စခန်းများ၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးနေရာများ၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို လာရောက်မတိုက်ခိုက်မချင်း မိမိတို့အနေဖြင့် တိုက်ခိုက်မှုမရှိကြောင်း၊ သို့သော်လာရောက်ထိပါးလာပါက မိမိတို့အနေဖြင့် လုံခြုံရေးအရ လိုအပ်သလိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ထပ်ပြောရလျှင် ကတိအတိုင်းဖြစ်နိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းသတင်းဌာန ကိုယ်စားပြု မသဇင်ဦး**က ယခုလက်ရှိဖြစ်ပျက်နေသည့်ပြဿနာတော်တော်များများတွင် ဝန်ထမ်းများဆိုလျှင် လစာအခြေအနေနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် တိုးမြှင့်မပေးနိုင်သေးသည်ကို မိမိတို့နားလည်နိုင်ပါကြောင်း၊ တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ပြည်သူများ အလူးအလဲခံနေရကြောင်း၊ ကုန်ဈေးနှုန်းဆိုသည်ထက် ဆီဈေးတိုးမြင့်မှုပြဿနာက အလွန်ဆိုးဆိုးရွားရွားဖြစ်နေကြောင်း၊ အထူးသဖြင့် ဆီဈေးနှင့်ပတ်သက်၍ လေ့လာကြည့်ရာတွင် ပြည်ပက တင်သွင်းသည့်ဆီများကို ဈေးမသက်မသာနှင့်ဝယ်ရသည်ကို နားလည်ပေးနိုင်သော်လည်း မိမိတို့ပြည်တွင်းက ထုတ်လုပ်နိုင်သည့်ဆီများကို အစိုးရဈေးနှုန်းဖြင့် ရောင်းချခြင်းမရှိဘဲ နိုင်ငံခြားကတင်သွင်းသည့် ဈေးနှုန်းအတိုင်း ရောင်းချနေသည့် ဆီဆိုင်များရှိကြောင်း၊ မြန်မာနိုင်ငံရှိဆီဆိုင် ၁၀၀ တွင် ဆိုင်ပေါင်း ၉၀ ကျော်ခန့်က ဆီခြင်တွယ်မှု မမှန်မကန်လုပ်ဆောင်နေသည်ကို မိမိတို့ကိုယ်တွေ့တွေ့ရှိခဲ့ကြောင်း၊ ယင်းနှင့်ပတ်သက်၍ မည်သို့ကြီးကြပ်လုပ်ဆောင်ပေးနိုင်မည်ကို သိလိုကြောင်းမေးမြန်းသည်။

**ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိ**

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံ၌ စက်သုံးဆီထုတ်လုပ်နေသည့် ရေနံချက်စက်ရုံများရှိကြောင်း၊ သို့သော်လက်ရှိတွင် လုပ်ငန်းပြည့်လည်ပတ်နေသည့် စက်ရုံမှာ ယခင်ကတည်းက စက်ရုံတစ်ရုံသာရှိကြောင်း၊ ရေနံထွက်နှုန်းနှင့် ၎င်း၏ထုတ်လုပ်နိုင်စွမ်းက ပြည်တွင်းသုံးစွဲနေသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊ စက်အခြေအနေကလည်း အဆင့်မြင့်သည့် စက်သုံးဆီမထုတ်လုပ်နိုင်ကြောင်း၊ 92၊ 95 တို့ကို မထုတ်လုပ်နိုင်ကြောင်း၊ 70 Ron သာ ထုတ်လုပ်နိုင်ကြောင်း၊ ၉၀ ရာခိုင်နှုန်းကျော်က ပြည်ပမှ ပြည်တွင်းကို တင်သွင်းနေရကြောင်း၊ ရေနံစိမ်းဈေးများလည်း တက်နေကြောင်း၊ စက်သုံးဆီနှင့်ပတ်သက်ပြီး မိမိတို့ဖြေလျှော့ဆောင်ရွက်ပေးနေသည်မှာ ဗဟိုဘဏ်က အမေရိကန်ဒေါ်လာများ ရောင်းချပေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အရောင်းဆိုင် ၂၂၀ ကျော်တွင် သက်သာသည့်ဈေးနှုန်းအတိုင်း ရောင်းချပေးလျက်ရှိကြောင်း၊ ယင်းသို့ရောင်းချရာတွင်လည်း သက်ဆိုင်ရာကော်မတီများ၏ ကြီးကြပ်မှုနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနနှင့် အခြားသက်ဆိုင်သည့်ဌာနများ ပူးပေါင်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ခေတ်ကကဲ့သို့ အစိုးရစက်သုံးဆီဆိုင်များက ဖြန့်ဖြူးပေးခြင်းမျိုး မဖြစ်နိုင်တော့ကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ယခင်က မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး အရောင်းဆိုင်များကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခဲ့ပြီးနောက် လွတ်လပ်စွာလုပ်ပိုင်ခွင့်ကို ၂၀၁၇ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဘေးကင်းလုံခြုံမှုရှိစေရန်နှင့် လွတ်လပ်မျှတသည့် ဈေးကွက်ဖြစ်စေရေးအတွက် အဓိကထား၍ ကြပ်မတ်လျက်ရှိကြောင်း၊ နိုင်ငံပိုင်ရေနံချက်စက်ရုံ၏ ထုတ်လုပ်နိုင်သည့်ပမာဏ၊ ထုတ်လုပ်နိုင်သည့် ဓာတ်ဆီအရည်အသွေးများက နိုင်ငံတော်၏ မြို့အင်အားအလိုက် အရောင်းဆိုင်များဖွင့်လှစ်ရောင်းချရန် လက်ရှိအခြေအနေအရ လုပ်၍မရနိုင်ကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ စက်သုံးဆီဈေးနှုန်းကြီးကြပ်ရေးကော်မတီကို မိမိတို့အနေဖြင့် ပြော၍ရကြောင်း၊ အရည်အသွေးစစ်ဆေးရေးကော်မတီအနေနှင့်လည်း လိုက်ပါဆောင်ရွက်ပေးနိုင်သည်ဟု ပြောလိုကြောင်းပြန်လည်ဖြေကြားသည်။

**သူရိယနေဝန်းသတင်းဌာန ကိုယ်စားပြု မသဇင်ဦး**က ၂၀၂၂ ခုနှစ် WTI ၏ အစီရင်ခံစာလည်း ထွက်ပေါ်လာပြီဖြစ်ကြောင်း၊ ထိုအစီရင်ခံစာတွင် ကိုဗစ်စတုတ္ထလှိုင်းအလွန်၌ ဆီဈေးများထပ်မံမြင့်တက်ရန်ရှိသည်ဟု ဖော်ပြထားကြောင်း၊ ယခုလက်ရှိ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည်မှာ ဆီဈေးနှုန်းမြင့်မားမှုအပြင် ဆီဆိုင်များ၏ ခြင်တွယ်မှုမမှန်ကန်သည့်ပြဿနာကို ရင်ဆိုင်နေရသည့်အတွက် ယင်းဆိုင်များကို အရေးယူရန် မည်သို့ဆောင်ရွက်မည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က စက်သုံးဆီကြီးကြပ်ရေး အရည်အသွေးစစ်ဆေးရေးကော်မတီရှိကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ယခင်ကလည်း ထုတ်ပြန်ခဲ့ဖူးကြောင်း၊ တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များလည်း သတင်းစာများတွင် ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်သူလူထုကလည်း တစ်ဖက်တစ်လမ်းက ကူညီသောအားဖြင့် မသမာမှုများတွေ့လျှင် ၎င်းနေရာများကို တိုင်ကြားရန်၊ အကြောင်းကြားပေးရန် မိမိအနေဖြင့် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

# မိုးကုတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၉၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

မိုးကုတ်မြို့နယ်၌ ငွေကျပ်သိန်း ၄၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၄ ရက် ည ၇ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် လယ်ကြီး ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းလုံမှ မိုးကုတ်ဘက်သို့ ထွန်းလင်းထက် မောင်းနှင်ပြီး ကျော်ရင် လိုက်ပါလာသည့် ခြောက်ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၄၉၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၉ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်များအရ ဘိန်းဖြူများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ ကချင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ နှစ်ဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ထွန်းလင်းထက်နှင့် ကျော်ရင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနကဦးဆောင်၍ ပူးပေါင်းအဖွဲ့များဖြင့် သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ တောင်ငူ၊ ပြည်နှင့် သာယာဝတီခရိုင် သစ်တောကြိုးဝိုင်းများအတွင်းရှိ တရားမဝင်ကျွန်းသစ် ၄၇ ဒသမ ၅၈၂၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၈၈၄၀၀)နှင့် သစ်မာ ၂ ဒသမ ၃၁၆၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၇၆၄၀) စုစုပေါင်း တရားမဝင်သစ်မျိုးစုံ ၄၉ ဒသမ ၈၉၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၆၀၄၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**



# စဉ့်ကူးမြို့နယ် ဧရာဝတီမြစ်အတွင်း ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**စဉ့်ကူး ဇန်နဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် စဉ့်ကူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများအဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် စဉ့်ကူးမြို့ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကွင်းဆင်း၍ ဧရာဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ငါးသယံဇာတထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှု မရှိစေရေးအတွက် ငါးဖမ်းလှေများအား ငါးဖမ်းကိရိယာစစ်ဆေးခြင်း၊ ငါးသယံဇာတထိန်းသိမ်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဆည်သည်(မြောက်)ကျေးရွာတွင် ရေလုပ်သားများအား ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး၊ ငါးသယံဇာတထိန်းသိမ်းရေးနှင့် ဘက်ထရီရှော့တိုက် ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော POSCO INTERNATIONAL Corporation (Myanmar E&P) သည် ကမ်းလွန်လုပ်ကွက်အမှတ် (A-3)တွင် Shwe Phase 2 Exploration Project အတွက် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-Submersible Rig "Deepwater NAUTILUS" (Call Sign: D5UE8) ဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ ဆောင်ရွက်မည် ဖြစ်ပါသည်။

၂။ တွင်းတူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာ အကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19° 26' 21.69 " N | 92° 24' 30.04 "E |
| B | 19° 29' 42.77 "N | 92° 34' 19.99 "E |
| C | 19° 16' 55.70 "N | 92° 28' 03.29 "E |
| D | 19° 20' 18.73 "N | 92° 38' 04.08 "E |

၃။ သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (A-3)တွင် Shwe Phase 2 Exploration Project အတွက် တွင်းတူးဖော်ရေးလုပ်ငန်းများအား Semi-Submersible Rig "Deepwater NAUTILUS" (Call Sign: D5UE8) ဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ တွင်းတူးဖော်ရေးတည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာအပ်ပါသည်။



# PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်

**နေပြည်တော် ဇန်နဝါရီ ၁၇**

NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများသည် ဒေသအချို့၌ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာနေထိုင်ကြသည့် ပြည်သူအချို့အား အကြောင်းပြချက်အမျိုးမျိုးဖြင့် ခြိမ်းခြောက်၊ သတ်ဖြတ်၊ လုယက်မှုများ ကျူးလွန်လျက်ရှိသည့်အပြင် ကိုးကွယ်ဆည်းကပ်ရာဖြစ်သော သံဃာတော်များကိုပါ လုပ်ကြံသတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြသည်။

ထိုသို့ အကြမ်းဖက်မှုများလုပ်ဆောင်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ပန်းကုန်းသာတောတိုက်ရှိ ပန်းကုန်းသာဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ဆရာတော် ဘဒ္ဒန္တပဏ္ဍိတ သက်တော်(၅၅) နှစ်၊ ဝါတော်(၂၂)ဝါ ထံသို့ ဆွမ်းလာပို့သည့် ဒါယကာ/ဒါယိကာမများက ဆရာတော်အား မတွေ့ရှိရသဖြင့် လိုက်လံရှာဖွေရာ ည ၈ နာရီ မိနစ် ၅၀ တွင် အဆိုပါ ဘုန်းကြီးကျောင်း၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ လယ်ကွက်အတွင်း၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဓားဖြင့်ခုတ်၊ မီးဖြင့်ရှို့၍ သတ်ဖြတ်ခဲ့ခြင်းကြောင့် ခန္ဓာကိုယ်အပေါ်ပိုင်း ဓားဒဏ်ရာများနှင့် အောက်ပိုင်းတွင် မီးရှို့ခံထားရသည့်ဒဏ်ရာများဖြင့် ပျံလွန်တော်မူနေသည့် ဆရာတော်ကို တွေ့ရှိရကြောင်း သိရသည်။

အလားတူ ည ၉ နာရီ မိနစ် ၅၀ တွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် စိန်ပန်းနီလမ်းပေါ်၌ သံဃာတစ်ပါး လဲကျနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မုံရွာမြို့ လက်ဇင်အုပ်စု ရွာထောင်ဘုန်းကြီးကျောင်း၌ သီတင်းသုံးနေသည့် ကိုရင်ကြီး ဇဝန(ခ)ငြိမ်းချမ်း (၃၈)နှစ် (ဘ) ဦးတင်ရွှေဖြစ်ပြီး ယာဘက်နားအောက် ညှိုမဲဒဏ်ရာ၊ ဝဲမျက်ခုံးအထက် စုတ်ပြဲဒဏ်ရာ၊ နားနှင့် နှာခေါင်း သွေးထွက်ဒဏ်ရာများဖြင့် လဲကျသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်အား စိစစ်ခဲ့ရာ အဆိုပါကိုရင်ကြီးသည် ည ၉ နာရီ မိနစ် ၅၀ တွင် စိန်ပန်းနီလမ်းမပေါ်၌ တစ်ပါးတည်း လမ်းလျှောက်နေစဉ် ဆိုင်ကယ်မောင်းနှင်လာသည့် အကြမ်းဖက်သူ အမျိုးသားတစ်ဦးက တုတ်ဖြင့်ရိုက်နှက်ကာ ထွက်ပြေးသွားခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိ ပျံလွန်တော်မူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဘာသာဖြစ်သော ဗုဒ္ဓဘာသာ၏ ရဟန်းသံဃာများကို ယခုကဲ့သို့ အကြမ်းဖက်သတ်ဖြတ်နေမှုများကို ကျူးလွန်လုပ်ဆောင်လျက်ရှိရာ ယနေ့အထိ သံဃာတော် အပါး ၂၀ သည် ၎င်းတို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ပျံလွန်တော်မူခဲ့ကြရကြောင်းနှင့် ခုနစ်ပါး ထိခိုက်ဒဏ်ရာရရှိခဲ့ရကြောင်း သိရသည်။

အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အပေါ် လိုလားထောက်ခံခြင်းမရှိသော အပြစ်မဲ့ပြည်သူများကိုသာမက ကိုးကွယ်ယုံကြည်ရာဖြစ်သော ရဟန်းသံဃာများကိုပင် အကြောင်းအမျိုးမျိုးပြစွပ်စွဲ၍ သတ်ဖြတ်ခြင်းများကို ကျူးလွန်လျက်ရှိသဖြင့် ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကာကွယ်သွားကြပါရန်နှင့် အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများကိုရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့၍ အကြမ်းဖက်သမားများ ရပ်တည်မှုမရှိနိုင်သည်အထိ ပူးပေါင်းဆောင်ရွက်သွားကြပါရန် သက်ဆိုင်ရာက မေတ္တာရပ်ခံသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

**○ စစ်ကိုင်းတိုင်းဒေသကြီးမှ**

ဇန်နဝါရီ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် အဆိုပါဆိုင်သို့ နှာခေါင်းစည်းအနက်ရောင် တပ်ဆင်ထားပြီး လျှာထိုးဦးထုပ်များ ကိုယ်စီဆောင်းထားသည့် အကြမ်းဖက်သမား ငါးဦးက ဆိုင်ကယ် နှစ်စီးဖြင့် ရောက်ရှိလာပြီး ရွှေပေါင်ချင်ကြောင်းပြော၍ ဝင်ရောက်လာကာ ဆိုင်အတွင်းသို့ အရောက်၌ ၎င်းတို့အနက် နှစ်ဦးက ဦးတင်အောင်နှင့် ဒေါ်ခင်ခင်ကြီးတို့အား သေနတ်(အတို) နှစ်လက်ဖြင့် ချိန်ရွယ်အကျပ်ကိုင်ကာ နေအိမ်အိပ်ခန်းအတွင်း ချုပ်နှောင်ခေါ်ဆောင်သွားခဲ့ကြောင်း၊ ရွှေဆိုင်အရောင်းခန်းမ၌ ကျန်ရှိခဲ့သည့် အကြမ်းဖက်သမား သုံးဦးက ဆိုင်ခန်းအတွင်း မှန်ကောင်တာများဖြင့် ရောင်းချရန် ခင်းကျင်းပြသထားသည့် TA တံဆိပ်ပါ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု (အလေးချိန် ၁ ပိဿာ ၆၅ ကျပ်သားခန့်) ကာလတန်ဖိုးငွေကျပ် ၃၀၆၉၀၀၀၀၀ ကို မှန်ကောင်တာများအား ရိုက်ခွဲလုယက်ယူဆောင်ပြီး နေအိမ်အိပ်ခန်းအတွင်းနှင့် မှန်ကောင်တာအပေါ်တို့၌ ရေသန့်ဘူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်းနှစ်လုံးထောင်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားပါက လက်လုပ်မိုင်းများ ဖောက်ခွဲ၍ သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ဆိုင်ကယ်များဖြင့် ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရွှေဆိုင်အား ဓားပြတိုက်မှုကျူးလွန်ကာ ဆိုင်အတွင်း လက်လုပ်မိုင်းများ တပ်ဆင်ခြိမ်းခြောက် အကျပ်ကိုင်သူ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**






## မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**တောင်ကြီး ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာနပိုင် မြို့မဈေးတွင် ဆောင်ရွက်ခဲ့သည်။

ဇာတ်တိုက်လေ့ကျင့်ရာသို့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း၊ ရှမ်းပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ဝင်းစိန်၊ ဒုတိယညွှန်ကြားရေးမှူး ဦးနေလင်း၊ တောင်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြည်နယ်/ခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၅၀ နှင့် မီးသတ်ယာဉ် သုံးစီး၊ မီးသတ်ရေယာဉ် နှစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီး၊ လူနာတင်ယာဉ် တစ်စီး စုစုပေါင်း ခုနစ်စီးဖြင့် ဈေးအကျိုးတော်ဆောင်ကော်မတီဝင်များ၊ ဈေးသူဈေးသားများနှင့် ဈေးမီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**စိုးညွန့်ရွှေ(တောင်ကြီး)**

## ကျိုင်းတုံမြို့အဝင်ဂိတ်များတွင် ခရီးသွားလာသူများအား ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရမှု ရှိ၊ မရှိ အခမဲ့စစ်ဆေးပေးလျက်ရှိ

**ကျိုင်းတုံ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အဝင်ဂိတ်များတွင် ခရီးသွားလာသူများအား ကိုဗစ်- ၁၉ ရောဂါပိုး ကူးစက်ခံရမှု ရှိ၊ မရှိ အခမဲ့စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၇ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင် ကြီးကြပ်၍ ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့အတွင်း ဝင်ရောက်လာသည့် ခရီးသွားလာသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးပြောကြားခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှု ရှိ၊ မရှိ အခမဲ့စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျိုင်းတုံမြို့ အဝင်ဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်ခံရမှု ရှိ၊ မရှိ အခမဲ့စစ်ဆေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ပြန်ကြားရေးဝန်ကြီးဌာနက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ မြို့နယ်/ကျေးရွာများအတွက် DVB-T2 Set Top Box များ ပေးအပ်လှူဒါန်း

**ပင်းတယ ဇန်နဝါရီ ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက DVB T2 Set Top Box အလုံး ၃၀၀ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပင်းတယမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် DVB-T2 Set Top Box များအား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ထိန်းသိမ်းရေးဇုန် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဇုန်တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ပေးအပ်ရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမှတစ်ဆင့် ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့ရှိ ဒေသခံပြည်သူများအတွက် စက်များအား လွှဲပြောင်းပေးအပ်ရာ ပင်းတယမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင် (၁) ဗိုလ်မှူးထွန်းထွန်းဦးနှင့် ရွာငံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးတို့က လက်ခံရယူခဲ့ကြသည်။

(DVB-T2) Set Top Box များ ပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်နှင့် တပ်ဆင်အသုံးပြုပုံနည်းစနစ်များကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြုပြင်ထိန်းသိမ်းရေးဇုန် ရှမ်းပြည်နယ် တောင်ကြီးမြို့ ဇုန်တာဝန်ခံ အင်ဂျင်နီယာမှူး ဦးမြင့်ဦးက ရှင်းလင်းပြောကြားသည်။ **ပင်းတယ (ပြန်/ဆက်)**





## ပန်းခင်းစီမံချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**မုံရွာ ဇန်နဝါရီ ၁၇**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့နေ့လယ်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ နန်းယွန်းမြို့စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော နာဂတိုင်းရင်းသားများ၊ ဌာနဆိုင်ရာများအားတွေ့ဆုံပွဲနှင့် ပန်းခင်းစီမံချက် လျာထားချက်ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲအခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒေသခံ နာဂတိုင်းရင်းသားများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၊ လဟယ်မြို့၊ လေရှီးမြို့နယ်တို့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆန်အိတ် ၅၀၀ နှင့် ဆိုလာမီး အစုံ ၂၀၀ တို့အား နာဂဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးစိုးဦးက နန်းယွန်း၊ လေရှီးနှင့် လဟယ်မြို့နယ်တို့အတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပေးအပ်သည့် ဆိုလာမီး အစုံ ၁၀၀ နှင့် ငွေကျပ်သိန်း ၁၀၀ တို့အား တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နန်းယွန်းမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင် အသက် ၁၂ နှစ်အထက် ဒေသခံကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှု၊ ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံထုတ်လုပ်နေမှုနှင့် နန်းယွန်း ပြည်သူ့ဆေးရုံတွင် ဆေးကုသမှု ခံယူနေကြသော ဒေသခံ နာဂတိုင်းရင်းသားများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ပြိုင်ပွဲ ပြပွဲနှင့် ဟောပြောပွဲများ ကျင်းပ

**ဟိုင်းကြီးကျွန်း**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲ (ဟိုင်းကြီးရွာသစ်)ကျောင်းတို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို စာအုပ်ရွက်ပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ကျောင်းသား ကျောင်းသူများ၊ လူငယ်လူရွယ်များ ကျန်းမာပျော်ရွှင်ပြီး အစုအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရန်၊ အသိဉာဏ်ဖွံ့ဖြိုးပြီး ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များပေါ်ထွက်လာစေရန် ရည်ရွယ်၍ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ပြီး စာအုပ်စာစောင်ပြပွဲတွင် သုတ၊ ရသစာအုပ်များ ပြသထားသည်။ စာအုပ်ရွက်ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွေးနွေးအောင်က ဗလာစာအုပ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဟိုင်းကြီးကျွန်း (ပြန်/ဆက်)**

**သီပေါ**

(၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင် ကျင်းပသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နီလာစိုးက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ သမိုင်းဝင်ပင်လုံစာချုပ်နှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြည်ထောင်စုနေ့နှင့်ပတ်သက်သည့် နံရံကပ်စာစောင်များပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သီပေါ(ပြန်/ဆက်)**

## ကင်းမွန် ဈေးကောင်းရရှိသော်လည်း ကင်းမွန်မီးထွန်းလှေများ အခက်ကြုံ

**မြိတ် ဇန်နဝါရီ ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၌ ပြည်ပမှ ကင်းမွန်ဈေးကောင်းပေးဝယ်ယူမှုများကြောင့် ဈေးကောင်းရရှိသော်လည်း ယခုနှစ်ပွင့်လင်းရာသီတွင် ရာသီဥတုမမှန်ခြင်းများကြောင့် ကင်းမွန်မီးထွန်းလှေများ အခက်အခဲများ ကြုံတွေ့နေရကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။

မေ၊ ဇွန်နှင့် ဇူလိုင်လတို့ကို ယခုနှစ်ငါးသားပေါက် ရာသီအဖြစ် သတ်မှတ်ခဲ့ပြီး ဩဂုတ်လမှစတင်ကာ ငါးဖမ်းရာသီ ပြန်ဖွင့်ပေးခဲ့သော်လည်း ငါးဖမ်းရာသီတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လှိုင်းလေပြင်းထန်နေခြင်းများကြောင့် ကင်းမွန် မီးထွန်းလှေငယ်တချို့ ပင်လယ်ပြင်သို့ မထွက်ခွာနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်ကတော့ ကင်းမွန်မီးထွန်းလှေအများစုက စရိတ်တောင်မရတဲ့သူတွေ ရှိနေတယ်။ အရင်နှစ်က ကင်းမွန်လှေတစ်စင်း ပင်လယ်ပြင်ကို ထွက်တော့မယ်ဆိုရင် အထွက်စရိတ် သိန်း ၁၀၀ ကျော်ရှိတယ်၊ ဒီနှစ်မှာ အထွက်စရိတ်က သိန်း ၂၀၀ ကျော်အထိဖြစ်နေပြီ၊ ကင်းမွန်ကလည်းမရတော့ အတော်လေး အခက်အခဲကြုံတွေ့နေကြပါတယ်" ဟု မြိတ်ခရိုင် ကင်းမွန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပင်လယ်ပြင်အတွင်း ရေစီးကြောင်းပြောင်းလဲမှု၊ ရာသီဥတု မမှန်ခြင်းများကြောင့် ကင်းမွန်များ ရေပေါ်တက်လာခြင်းမရှိသလို စားကျက်ရွှေ့ပြောင်းသွားမှုများလည်း ရှိနေကြောင်း သိရသည်။

"အရင်နှစ်က ကွမ်းသီးကျွန်း၊ ကွမ်းရွက်ကျွန်းနဲ့ မြောက်ဘက်ပိုင်းတွေမှာ ကင်းမွန်တွေ အရများပါတယ်၊ ဒီနှစ် အဲဒီရေပြင်တွေဘက်မှာက ကင်းမွန်တွေမရှိသလောက်ပါပဲ၊ တောင်ဘက်ပိုင်းကို နေရာပြောင်းပြီး ဖမ်းနေရတယ်၊ ပေါင်းကျေးလို ရေပေါ်ငါးလေးတွေ အတွေ့များနေတယ်၊ ငါးအုပ်များနေတော့ ကင်းမွန်တွေ ရှားပါးနေပါတယ်၊ ရာသီဥတုကြောင့် ကင်းမွန်တွေ ရေပေါ်ကိုသိပ်မတက်လာတော့ဘူး" ဟု ကျွန်းစုမြို့နယ်မှ ကင်းမွန်ရေလုပ်သားတစ်ဦးက ပြောကြားသည်။

တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တွင် ဒီဇင်ဘာလအထိ မိုးရွာသွန်းမှုများ ရှိနေသည့်အတွက် ရာသီအချိန်အခါအလိုက် လုပ်ကိုင်ရသည့် တံငါလုပ်ငန်းတချို့ အခက်အခဲဖြစ်ပေါ်နေကြောင်း သိရသည်။

ယခုနှစ်ကင်းမွန်ရာသီ၌ ကင်းမွန်ရှားပါးနေမှုကြောင့် ပြည်ပမှ ဈေးကောင်းပေးဝယ်ယူလျက်ရှိရာ တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံဝယ်လက်များက ကင်းမွန်တစ်ဗန်း (၁၁ ပိဿာဝင်) လျှင် ငွေကျပ် ၁၃၀၀၀၀ ကျော်အထိ ဈေးကောင်းပေး ဝယ်ယူနေကြောင်း သိရသည်။

**မြင့်ဦး (မြိတ်)**



## မူလတန်းဆရာအတတ်ပညာသင်တန်းမှ ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

**ကျောက်ဖြူ ဇန်နဝါရီ ၁၇**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာ သင်တန်း (PPTT) တက်ရောက်နေသည့် ဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျောက်ဖြူပညာရေးဒီဂရီကောလိပ်ရှိပညာတန်ဆောင်ခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။

ထို့အပြင် ၎င်းတို့အနက်မှ ကိုဗစ်ကာကွယ်ဆေး တစ်ကြိမ်မျှမထိုးရသေးသည့် ဆရာ ဆရာမ ၈၁ ဦးတို့အား ဒီဇင်ဘာ ၁၃ ရက်က ပထမအကြိမ် ထိုးနှံပေးခဲ့ပြီးဖြစ်ရာ ယနေ့တွင် အဆိုပါ ပထမအကြိမ်ထိုးနှံခဲ့သည့် ဆရာ ဆရာမများအား ဒုတိယအသုတ်အဖြစ် ပြန်လည်ထိုးနှံပေးလျက်ရှိကြောင်း ကျောက်ဖြူ ပညာရေးဒီဂရီကောလိပ်မှ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# အမှတ်(၃)လမ်းမကြီးနှင့် ခရေပင်လမ်းဆုံမီးပွိုင့် ယာဉ်ကြောပိတ်ဆို့မှု လမ်းကြောင်း သုံးကြောင်းခွဲ၍ ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

မင်္ဂလာဒုံမြို့နယ် အမှတ် (၃) လမ်းမကြီးနှင့် ခရေပင်လမ်းဆုံမီးပွိုင့် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုလျှော့ချရေး အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က အမှတ် (၃)လမ်းမကြီးနှင့် ခရေပင်လမ်းဆုံမီးပွိုင့် ယာဉ်ကြောပိတ်ဆို့မှု လျှော့ချနိုင်ရေးအတွက် လမ်းကြောင်း သုံးကြောင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဝေးပြေးကုန်တင်ယာဉ်ကြီးများအနေဖြင့် အင်းစိန်-လှော်ကား အမှတ်(၄)လမ်းမှ ရန်ကုန်-ပဲခူးလမ်းဟောင်းကို အသွားအပြန် အသုံးပြုသွားလာနိုင်မည်ဖြစ်ပြီး မန္တလေး-မြစ်ကြီးနားနှင့် အထက်မြန်မာပြည် ခရီးသည်တင်အဝေးပြေးယာဉ်များသည် အမှတ်(၃)လမ်းမှ ခရေပင်လမ်း-ပြည်လမ်း-ထောက်ကြန့်မှ အမြန်လမ်းအသုံးပြုပြီး သွားလာနိုင်ကြောင်းနှင့် ပုံမှန်သွားလာနေသော အဝေးပြေးကုန်တင်ယာဉ်များနှင့် မော်လမြိုင်-ရေး-မြိတ်-ထားဝယ်-ကော့သောင်း ခရီးသည်တင်ယာဉ်များသည် အမှတ်(၃)လမ်းမှ ရန်ကုန်-ပဲခူးလမ်းဟောင်းအတိုင်း အသွားအပြန် ဝင်ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် မြန်မာ့မီးရထား၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့်တံတား၊ ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးလေ့လာခဲ့သည့်အခြေအနေများနှင့် အမှတ် (၃) လမ်းမကြီးနှင့် ခရေပင်လမ်းဆုံမီးပွိုင့်တွင် ယာဉ်ကြောများပိတ်ဆို့နေမှုအား လျှော့ချနိုင်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက လမ်းကြောင်းပြောင်းလဲပြေးဆွဲမည့်အခြေအနေများကို ကြိုတင်အသိပညာပေးဆွေးနွေးခြင်းများ၊ သတင်းထုတ်ပြန်ခြင်းများကို ကနဦးဆောင်ရွက်မည်ဖြစ်ပြီး ယင်းကာလကျော်လွန်ပါက စည်းကမ်းဖောက်ဖျက်သည့် ယာဉ်နှင့် ယာဉ်မောင်းများအား စိစစ်အရေးယူဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် တိုင်းဒေသကြီးအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ဆောင်ရွက်မည့် အစီအစဉ်များ ပြောကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)





# မိုးညှင်းမြို့၌ အချိန်အခါမဲ့ မိုးရွာသွန်း၍ မိုးသီးများကြွေကျ ရာသီပေါ်သီးနှံ စိုက်ပျိုးထားသူများ အနည်းငယ်ပျက်စီး

မိုးညှင်း ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကာဒူကျေးရွာဝန်းကျင်၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က အချိန်အခါမဲ့ မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများ ကြွေကျခဲ့သဖြင့် ရာသီပေါ်သီးနှံ စိုက်ပျိုးထားသူများ အနည်းငယ်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

“ပြာသိုလပြည့်နေ့မှာ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခဲ့လို့ ကာဒူကျေးရွာပတ်ဝန်းကျင်က စိုက်ခင်းတွေမှာ စိုက်ပျိုးထားတဲ့ မုန်ညင်းပင်၊ ဘူးသီးပင်၊ ပန်းမုန်လာပင်နဲ့ မုန်လာထုပ်အပင်တွေ မိုးသီးထိမှန်လို့ အနည်းငယ်စီပျက်စီးခဲ့တာ တွေ့ရပါတယ်။ မွန်းလွဲ ၂ နာရီလောက်မှာ မိုးခြိမ်းသံတွေနဲ့အတူ မထင်မှတ်လောက်အောင် မိုးသည်းထန်ပြီး မိုးသီးတွေကျလာတော့ ရာသီစာ စိုက်ခင်းတွေ ပျက်စီးဆုံးရှုံးခဲ့ပါတယ်”ဟု ကာဒူကျေးရွာသွားလမ်းပေါ်ရှိ ရွှေပေါက်ကံကျေးရွာနေ ဦးထွေးသိန်းက ပြောသည်။

မိုးညှင်းမြို့နယ်အတွင်း ယခင်နှစ်များက ပြာသိုလတွင် ရာသီမိုးအဖြစ် မိုးဖွဲမျှသာရွာလေ့ရှိသော်လည်း ယခုနှစ် ပြာသိုလပြည့်နေ့တွင် မိုးသည်းထန်စွာရွာသွန်း၍ မိုးသီးများ ကြွေကျခဲ့ကြောင်း ဒေသခံပြည်သူများ၏ ပြောပြချက်အရ သိရသည်။

ဖွဲသူရအောင်(ပြန်/ဆက်)

# ပခုက္ကူမြို့နယ်၌ တစ်နိုင်တစ်ပိုင် ဂန္ဓမာပန်းစိုက်ပျိုးသူများ နှစ်စဉ် မိသားစုအပိုဝင်ငွေရရှိ


ပခုက္ကူ ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကျွန်းဦးကျေးရွာ၌ တစ်နိုင်တစ်ပိုင် ဂန္ဓမာပန်းစိုက်ပျိုးသူများ နှစ်စဉ်မိသားစု အပိုဝင်ငွေ ရရှိကြကြောင်း သိရသည်။


ဂန္ဓမာရောင်စုံပန်း တစ်ဧကစိုက်ပျိုးထားပြီး ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ စတင်ကာ မျိုးစေ့ချပျိုးထောင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်နှစ်က စိုက်ပျိုးထွက်ရှိသည့် ဂန္ဓမာပန်းမျိုးများဖြစ်ပြီး မျိုးစေ့ချပျိုးပင်ပေါင်း ၅၀၀၀၀ ကို ပြန်လည်စိုက်ပျိုးထားကြောင်း၊ ဂန္ဓမာပန်းပင်များသည် မြေပွပြီးသဲဆန်သည့် မြေဆီလွှာကို ပိုမိုနှစ်သက်ကာ အထွက်နှုန်းကောင်းမွန်ကြောင်း၊ လက်ရှိအချိန်တွင် ပျိုးပင်တစ်ပင်လျှင် ငွေ ၁၃ ကျပ်ပေးရပြီး စိုက်ပျိုးထားသော ပျိုးပင်များကိုပေါင်းနုတ်၊ မြေဩဇာကျွေးခြင်း၊ နေ့စဉ်ရေလောင်းပေးခြင်း၊ ပန်းပင်များ ဖူးပွင့်စအချိန်တွင် အပွင့်များ ပိုးမကိုက်စေရန် ပိုးကောင်လေးများ ဖမ်းယူရှင်းလင်းပေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဂရုတစိုက် ဆောင်ရွက်ပေးရကြောင်း၊ စိုက်ပျိုးပြီးချိန် သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရောင်းရပြီး လက်လီလက်ကားစနစ်ဖြင့် ဂန္ဓမာပန်းတစ်စည်းလျှင် ငွေကျပ် ၂၀၀ နှင့် ၃၀၀ အကြားရောင်းချရကြောင်း၊ ဂန္ဓမာပန်းကို နှစ်စဉ်တစ်ဧကစိုက်ပျိုးလျက်ရှိပြီး ယခင်နှစ်တွင် ငွေကျပ် ခြောက်သိန်းခန့် ရင်းနှီးရာ အမြတ်ငွေကျပ် သုံးသိန်းရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ပန်းဈေးကွက်ကောင်းသောကြောင့် ပန်းစိုက်ခင်းတစ်ဧကအတွက် ရင်းနှီးကုန်ကျငွေကျပ် ၁၃ သိန်းကျော်အထိရှိလာပြီး အမြတ်ငွေလည်း ခြောက်သိန်းခန့် ပိုမိုရရှိမည်ဟု ယုံကြည်ကြောင်း ပန်းစိုက်တောင်သူ ဒေါ်ချောစုဝေက ပြောသည်။

ယခုနှစ်တွင် ပန်းများအထွက်နှုန်းကောင်းမွန်သည့်အပြင် ဈေးကွက်လည်းကောင်းသောကြောင့် ပန်းစိုက်တောင်သူများအနေဖြင့် မိသားစုအပိုဝင်ငွေရရှိကာ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆလိုင်းကိုကီး



ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း




# နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာ၌ ကုလားပဲအစားထိုး မတ်ပဲစမ်းသပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

နတ်မောက် ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အင်းကုန်းကျေးရွာ၌ ကုလားပဲအစားထိုး မတ်ပဲစမ်းသပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကုလားပဲအစားထိုး မတ်ပဲစမ်းသပ်စိုက်ခင်းအား အင်းကုန်းကျေးရွာရှိတောင်သူ နှစ်ဦးက ရေဆင်း (၃) မတ်ပဲမျိုးစေ့ ငါးဧကကို နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလတွင် စတင်ရိတ်သိမ်းမည်ဖြစ်သည်။ ထိုသို့ စမ်းသပ်စိုက်ပျိုးခြင်းဖြင့် နတ်မောက်မြို့နယ်၏ ရာသီဥတုနှင့် ကိုက်ညီမှုရှိပါက လာမည့်ဆောင်းရာသီတွင် ဆက်လက်တိုးချဲ့ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။

သင်းသင်းမြတ်

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀၁ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁-၂၀၂၂)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၈၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀၁)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၂၁၂,၈၇၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၃၃,၂၄၅) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၂၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၁၁,၃၃၃) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၀၄) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ(Quarantine Center)များ၊ ကုသရေးစင်တာ(Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့် ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ အိုမီခရွန်ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုမှကာကွယ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက်

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၈၁၉) ခု | (၁၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၇၈) ခု | (၄) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၃) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၀၀၇) ခု | (၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃၇၁) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၃၇၁) ခု | (၆၂) ဦး |
| စုစုပေါင်း | (၈,၈၈၅) ခု | (၁၀၁) ဦး |

ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်းစသည်တို့ကို မမေ့မလျော့ သတိပြု၍ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှအဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဇန်နဝါရီ ၁၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီတစ်ခု၊ ယာဉ်စီးရေ တစ်စီးဖြင့် အိမ်သုံး အောက်ဆီဂျင်စက် ၉၄ ခုကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော်  ဇန်နဝါရီ ၁၇**

အကောက်ခွန် ဦးစီးဌာနသည် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ လုပ်ငန်းသုံးအောက်ဆီဂျင်စက် တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး (စုစုပေါင်း ၅၂၅၇၀ ဒသမ ၇၉ ကီလိုဂရမ်)၊ နယ်စပ်(ချင်းရွှေဟော်)၌ ကုမ္ပဏီ နှစ်ခုတို့မှ Disposable Syringe ၁၇၈၀၀၀၊ Disposable Needle ၁၇၀၀၀၀၊ Paracetamol Tablet ၇၆၂၀၊ Vitamin C Tablet ၃၇၉၄၀၊ Pai B6 Table ၉၂၀၀၊ Pai Mico Cream ၁၅၀၀၀၊ Glucose Injection ၄၀၅၆ ခု၊ Pai Gelusi Chewable Tablets ၃၅၄၀၊ Cimetidine Injection ၂၅၆၀၊ Pai Diclo Injection ၂၁၆၀၊ Medical Mask ၄၈၃၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၆၆၉၉၅၅၃၃ | ၄၃၀၉၀၆၄၄ | ၈၇၃၅၆၄ |
| ၂။ | အိန္ဒိယ | ၃၇၃၈၀၂၅၃ | ၃၅၂၃၇၄၆၁ | ၄၈၆၄၈၂ |
| ၃။ | ဘရာဇီး | ၂၃၀၀၆၉၅၂ | ၂၁၇၁၀၈၃၁ | ၆၂၁၀၉၉ |
| ၄။ | ပြင်သစ် | ၁၅၂၁၇၂၈၀ | ၁၁၃၈၉၁၈၁ | ၁၅၁၉၈၇ |
| ၅။ | ဗြိတိန် | ၁၄၁၇၂၃၈၄ | ၉၀၁၉၄၈၄ | ၁၂၆၉၆၇ |
| ၆။ | ရုရှား | ၁၀၈၃၄၂၆၀ | ၉၈၇၈၃၇၁ | ၃၂၁၉၉၀ |
| ၇။ | တူရကီ | ၁၀၄၅၇၁၆၄ | ၉၆၆၅၅၀၄ | ၈၄၇၅၈ |
| ၈။ | အီတလီ | ၈၇၀၆၉၁၅ | ၆၀၁၆၉၅၄ | ၁၄၁၁၀၄ |
| ၉။ | စပိန် | ၈၀၉၃၀၃၆ | ၅၂၄၉၃၇၂ | ၉၀၇၅၉ |
| ၁၀။ | ဂျာမနီ | ၇၉၉၁၄၃၂ | ၇၀၀၀၀၀၀ | ၁၁၆၂၆၈ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၇၂၄၂၁ | ၄၁၁၉၄၇၂ | ၁၄၄၁၇၄ |
| ၂။ | ဖိလစ်ပိုင် | ၃၂၄၂၃၇၄ | ၂၈၉၈၅၀၇ | ၅၂၉၂၉ |
| ၃။ | မလေးရှား | ၂၈၀၈၃၄၇ | ၂၇၃၅၃၅၅ | ၃၁၇၉၃ |
| ၄။ | ထိုင်း | ၂၃၃၁၄၁၄ | ၂၂၂၇၂၆၆ | ၂၁၉၄၁ |
| ၅။ | ဗီယက်နမ် | ၂၀၂၃၅၄၆ | ၁၇၂၇၂၉၀ | ၃၅၆၀၉ |
| ၆။ | မြန်မာ | ၅၃၃၂၄၅ | ၅၁၁၃၃၃ | ၁၉၃၀၄ |
| ၇။ | စင်ကာပူ | ၂၉၁၈၄၉ | ၂၈၃၈၈၁ | ၈၄၃ |
| ၈။ | လာအို | ၁၂၅၃၃၃ | ၁၁၆၆၈၂ | ၄၉၇ |
| ၉။ | ကမ္ဘောဒီးယား | ၁၂၀၈၂၅ | ၁၁၇၁၁၈ | ၃၀၁၅ |
| ၁၀။ | ဘရူနိုင်း | ၁၅၇၅၀ | ၁၅၃၈၁ | ၉၈ |

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

မောင်မောင်ဦးအနေနှင့်ကမူ သူ့ကို များစွာ စိတ်ဝင်စားဟန်မပြ။ ညိုထွန်းဟူသည် သူနှင့် ပတ်သက်ခြင်းမရှိသော လူတစ်ယောက်၊ မဆိုင်သောလူတစ်ယောက်အဖြစ် သာမန်သာ ဆက်ဆံသည်။ သူ့အနေနှင့်မူ မောင်မောင်ဦးအား သာမန်ထက် ထူးခြားသူတစ်ဦးအနေနှင့် အဆက်အဆံပြုနေမိလေသည်။

မောင်မောင်ဦးသည် သူ့ထံ အပူနှင့်ရောက်လာခဲ့ခြင်း ဖြစ်သည်။ သူ၏မိခင်အတွက် အကူအညီတောင်းခံရန် ရောက်လာသည်။ ဗိုလ်ညိုထွန်းသည် တောင်းခံလာသော အကူအညီကိုပေးရန် အလိုလိုအသင့်ရှိနေပြီးသား ဖြစ်လေသည်။

ယင်းသို့ အကူအညီတောင်းရန် အသင့်ရှိနေမိသော သူ့စိတ်ကိုလည်း သူကိုယ်တိုင်ပင် နားမလည်။ သို့ဖြင့် တိုက်ပွဲများ၌ ရင်းနှီးခဲ့သော ဂျပန်ဆေးမှူးကို တောင်းပန်ခေါ်ဆောင်ရသည်။ စိန်ပန်းပင်ကျောင်းတိုက်သို့ လာခဲ့ရာ၌ သူပါ ပါလာခဲ့သည်။

အချိန်မှာ ညနေသို့ ရောက်ခဲ့ပြီ။ လမ်းများမှာ မှောင်မိုက်နေသည်။

ကျောင်းတိုက်၏ ဇရပ်တစ်ဆောင်သို့ ရောက်ကြရသည်။ သူတို့ရောက်လာသည်ကို လူအချို့က စိုးရိမ်တကြီး ကြည့်နေကြသည်။ ဇရပ်ပေါ်သို့ အလျင်တက်သူမှာ မောင်မောင်ဦး။

မောင်မောင်ဦးသည် လဲလျောင်းနေသူများ၊ အိပ်စက်နေသူများအကြားမှ မိခင်ဖြစ်သူထံရောက်လာသည်။

မိခင်ဖြစ်သူ၏နံဘေးတွင် ဝင်ထိုင်လိုက်သည်။ လက်မောင်းကို ဆုပ်ကိုင်လှုပ်နိုးသည်။

"မေမေ"

မောင်မောင်ဦးက ဆွဲလှုပ်သော်လည်း ဒေါ်သူဇာ မလှုပ်။ မောင်မောင်ဦး၏မျက်နှာမှာ တစ်မျိုးတစ်မည် ဖြစ်လာသည်။ တုန်လှုပ်သည့်အမူအရာ ပေါ်လာသည်။

"မေမေ၊ မေမေ"

သူသည် ကျယ်လောင်စွာ ခေါ်လိုက်သည်။ သို့ပြား ဒေါ်သူဇာ ထူးဖော်မရ။

မောင်မောင်ဦး၏ခေါ်သံကြောင့် လူတို့ သည်မှာဘက်သို့ အာရုံစူးစိုက်လာကြသည်။

မောင်မောင်ဦးသည် ဒေါ်သူဇာ၏မျက်နှာပေါ်တွင် ဖုံးနေသည့်စောင်ကို ဆွဲဖယ်လိုက်သည်။ သူသည် မျက်နှာပျက်သွားသည်။

ဒေါ်သူဇာ၏ပါးစပ်မှာ ပွင့်နေသည်။ မျက်လုံးများ မှေးမိုတ်နေသည်။ ထိုအခါမှ ရင်ဆီသို့ ကြည့်မိသည်။ အလှုပ်အရှားမရှိ။ ငြိမ်သက်လျက်သာတည်း။

ဂျပန်ဆေးမှူးသည် ဒေါ်သူဇာ၏အပါးသို့ ရောက်လာသည်။ စမ်းသပ်ကြည့်ရှုသည်။ ဆေးမှူးသည် ချက်ချင်းမှာပင် နောက်သို့ ထိတ်လန့်တကြား ဆုတ်လာသည်။ ဗိုလ်ညိုထွန်းကိုလည်း နောက်သို့ဆုတ်နေရန် ပြောသည်။ သူသည် မျက်စိမျက်နှာပျက်နေလေသည်။

တိုက်ဖွိုက်ခေါ် အူရောင်ဖျားရောဂါဖြင့် ဒေါ်သူဇာ သေဆုံးသွားရခြင်းဖြစ်ကြောင်း ဗိုလ်ညိုထွန်းအား ပြောပြသည်။

မောင်မောင်ဦးသည် မိခင်ဖြစ်သူ၏ကိုယ်ကို ပွေ့ယူလိုက်သည်။ ရင်မှာအပ်ထားလိုက်မိသည်။

"မေမေရယ်"

သူ၏အသံသည် ဆို့ဆို့နင့်နင့် ညည်းညူနေရသော အသံမျိုးအဖြစ် လည်ချောင်းထဲမှ တိုးထွက်လာသည်။ လောလောဆယ်တွင် သူသည် အော်ဟစ်ငိုယိုလိုက်ရလေမလား။ အသံမထွက်စေဘဲ ရှိုက်၍ငိုရလေမလား မစဉ်းစားတတ်။ ငိုချင်နေသည့်အဖြစ်ကိုသာ သိရလေတော့သည်။

ရင်ထဲမှာ ဟာနေသည်။ နာကျင်နေသည်။ လှိုက်လှဲနေသည်။

နားထဲမှာ မိခင်ပြောသောစကားများကို ကြားနေရသည်။ ပဲ့တင်ထပ်သလို ပေါ်ပေါက်နေသည်။

ကျော့မောင်၏ လက်တစ်ဖက်သည် သူ့ပခုံးပေါ်သို့ ရောက်လာသည်။ ဆုပ်ကိုင်ဖျစ်ညှစ်ကာ အားပေးသည်။

ဇရပ်ပေါ်တွင် လူတစ်ယောက် သေဆုံးရသည့်အဖြစ်မှာ ဒုက္ခသည်များအတွက် မဆန်းကြယ်လှသလိုဖြစ်သည်။ သည်သို့ပင် မကြာခဏ သေဆုံးရမှုများ ဖြစ်ပျက်ခဲ့သည်။ ညတွင် အတူအိပ်နေလျက် နံနက်တွင် အလောင်းကောင်အဖြစ် မြင်တွေ့ရသူပေါင်းများလှလေပြီ။ ထို့ကြောင့် အချို့သည် နေရာတွင် ပြန်လှဲကြသည်။

ဂျပန်ဆေးမှူးသည် မောင်မောင်ဦးကို နေရာမှ ထစေသည်။ တစ်ဆက်တည်းမှာပင် ဇရပ်ရှိလူအားလုံးကိုလည်း ထစေသည်။ ဇရပ်တွင် ဆက်လက်မအိပ်ရန်ပြောသည်။ ဇရပ်ကို ဆေးဖျန်းရမည် စသည်ဖြင့် ဆိုနေသည်။

မောင်မောင်ဦးသည် ဒေါ်သူဇာ၏ကိုယ်ကို အိပ်ရာပေါ်သို့ ပြန်ချထားလိုက်သည်။ အပါးမှမူ မခွာနိုင်သေး။ ကြေကွဲဆို့နင့်စွာ စူးစိုက်ကြည့်နေမိဆဲပင်။

သားအတွက်ဆိုလျှင် ဘာမဆို ဦးမလေးခဲ့သော မေမေ။ သား၏ စိတ်ချမ်းသာမှုကို အထူးတလည် လိုက်လျောခဲ့သော မေမေ။ အိမ်ထောင်ကျသည်မှစ၍ ဒုက္ခကို ခါးစည်း၍ ခံစားခဲ့ရသော မေမေ။ မေမေကား သူ၏စကားအတိုင်း သားဖြစ်သူရောက်လာသည်အထိ၊ သား၏မျက်နှာကို မြင်ရရုံအထိ စောင့်ဆိုင်းခဲ့ပြီးနောက် သားနှင့်တကွသော အရာအားလုံးကို စွန့်လွှတ်ထွက်ခွာသွားခဲ့ချေပြီတကား။

ဗိုလ်ညိုထွန်းသည် မောင်မောင်ဦး၏အဖြစ်ကို ကြည့်ကာ ဘာပြောရမည် မသိတတ်ဘဲ ရှိနေလေသည်။ တစ်ယောက်နှင့်တစ်ယောက် ဆုံတွေ့မိကြသည့် တဒင်္ဂမှာပင် ကြေကွဲဖွယ်သောအဖြစ်နှင့် တိုက်တိုက်ဆိုင်ဆိုင်ဆုံရသည်။ သူ၏ကူညီမှုမှာလည်း အရာမရောက်တော့ပြီဖြစ်ကြောင်း တွေ့နေရသဖြင့် စိတ်မကောင်းဖြစ်မိသည်။

ဂျပန်ဆေးမှူးက အလောင်းကို ညတွင်းချင်းချရန်၊ မြေမြှုပ်ပစ်ရန် ပြောသည်။ ရောဂါမှာ ကူးစက်တတ်သည်ဟု ဆိုသည်။ သို့ဖြင့် ဗိုလ်ညိုထွန်းသည် လူအချို့၏ အကူအညီကိုယူကာ ဒေါ်သူဇာ၏အလောင်း မြေကျရန်အတွက် အစီအစဉ် ပြုလုပ်ရပြန်တော့သည်။

ဒေါ်သူဇာ၏ဈာပနကိစ္စမှာ ဖဲဇာဘယာ အနည်းဆုံးဖြစ်သည်။ အကျဉ်းဆုံး အသုဘအခမ်းအနားဖြစ်သည်။ တိတ်တိတ်ဆိတ်ဆိတ် ငြိမ်ငြိမ်သက်သက် ဖြစ်နေသည်ကပင် ကြေကွဲစရာကောင်းနေလေသည်။

မောင်မောင်ဦးအနေနှင့် မိခင်၏ ဈာပနအခမ်းအနားမှာ သည်သို့ဖြင့် ပြီးစီးသွားရလိမ့်မည်ဟု မထင်။ မိခင်၏ နောက်ဆုံးခရီးသည် ယင်းပုံစံမျိုးဖြစ်လာလိမ့်မည်ဟု မမျှော်လင့်ခဲ့။ သူ့အနေနှင့် တစ်စုံတစ်ရာကျေးဇူးတုံ့ပြန်ခြင်း မပြုနိုင်မီ မိခင်သည် လူ့လောကမှ ပျောက်ကွယ်သွားလိမ့်မည်ဟု မတွေးမိခဲ့။ မိခင်ဖြစ်သူသည် လူ့ဘဝမှ ကသုတ်ကရက်နှင့် ရုတ်တရက်ကြီး ထွက်ခွာသွားခဲ့ချေပြီဖြစ်သည့်တိုင် စိတ်မှာ ယင်းအဖြစ်ကို တကယ်တမ်းဖြစ်ပျက်နေသည့်အဖြစ်မျိုးဟု မထင်နိုင်ချေ။ သူသည် အိပ်မက်မက်နေသူအလား ယောင်ဝါးဝါးကြီးဖြစ်နေသည်။ သူ့အရှေ့မှာပင် လူတွေ လှုပ်လှုပ်ရွရွနှင့် ဈာပနအခမ်းအနားကို ပြင်ဆင်နေကြသည်။ သူသည် ဘာတစ်ခု မျှဝင်မလုပ်မိဘဲ ငိုင်၍ ကြည့်နေမိသည်။

ကျောင်းအတွင်း၌ အသုဘကိစ္စအတွက် အထမ်းစင်ရှိနေသည်။ ယင်းအထမ်းစင်ကို လူလေးယောက် ထမ်းကြသည်။ ထိုနောက်မှ မောင်မောင်ဦးတို့ ပါလာသည်။ ဗိုလ်ညိုထွန်း၊ ကျော့မောင်နှင့် အခြား နှစ်ယောက်သုံးယောက် ပါလာသည်။ ဤသည်မှာပင် အသုဘရှု ပရိသတ်ဖြစ်လေသည်။ ဒေါ်သူဇာ၏ နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်သူမှာ ဤမျှသာဖြစ်သည်။

ရှေ့၌ လူတစ်ယောက်က မီးတုတ်ကိုင်ကာ လမ်းပြသည်။ များစွာဝေးလံခြင်းမရှိသော သုသာန်မြေသို့ ရောက်လာသည်။ မြေနေရာတစ်နေရာကို ဝိုင်းဝန်းတူးဖော်ကြသည်။

ဒေါ်သူဇာ၏အလောင်းကို သရဏဂုံလည်းမတင်ရ။ ပရိတ်ရွတ်ဖတ်လည်း မပြုကြ။ ကြေးစည်တီးလျက် အမျှအတန်းလည်း မဝေနိုင်။ သို့နှင့်ပင် ဒေါ်သူဇာခေါင်း မြေကျခဲ့ရသည်။

သူတို့လူသိုက်သည် မြေဖို့ပြီးနောက် မြေပုံနံဘေးမှာ စုဝေးရပ်နေမိကြသေးသည်။ မည်သူမျှလည်း စကားမဆိုမိကြ။ ဘာစကားဆိုရမည်ကိုလည်း မသိကြ။

မီးတုတ်ကိုင်ထားသူနှင့် မောင်မောင်ဦးတို့ မျက်နှာချင်းဆိုင်၍ ရပ်နေကြသည်။ ထိုသူ၏နောက်တွင် ကြီးမားခံ့ထည်သော အုတ်ဂူတစ်လုံး ရှိသည်။ ဂူမှစာတန်းကို မောင်မောင်ဦး အမှတ်မထင်ကြည့်မိသည်။ ထိုအခါ သူ၏ရင်မှာ လှုပ်ရှားရသည်။

ဒေါ်စောမင်း၏ အုတ်ဂူတည်း။

ဒေါ်စောမင်း၏ ဂူနံဘေးမှာ မိခင်၏အလောင်း မြှုပ်နှံမိပုံကို မောင်မောင်ဦးတွေးသည်။ သည်တော့လည်း မိခင်ဖြစ်သူ သိမ်သိမ်ငယ်ငယ် ဆုံးပါးသွားရပုံကို မကျေနပ်နိုင်သလို ရှိရပြန်သည်။ တစ်ဆက်တည်းမှာပင် နားသို့ မိခင်၏စကားသံများ ရောက်လာပြန်သည်။

မေမေပြောသလို ဝဋ်လည်ခြင်းမျိုးလေလား စဉ်းစားမိသည်။

"ပြန်ကြစို့"

ဗိုလ်ညိုထွန်းက ဆိုသည်။ လမ်းတစ်လျှောက်လုံးတွင် သူတို့အားလုံးသည် စကားတစ်ခွန်းကိုသာ ဆိုမိကြသည်ဟု ထင်သည်။

ပြန်ကြလေပြီဆိုတော့လည်း တိတ်တိတ်ဆိတ်ဆိတ်နိုင်လှလေသည်။ မည်သူမျှ စကားမပြောဖြစ်ကြပြန်။

သို့ဖြင့် သုသာန်အဝသို့ ရောက်လာကြသည်။

"မင်းဘယ်သွားမလဲ မောင်မောင်ဦး"

ကျော့မောင်မေးသည်။

မောင်မောင်ဦးသည် ယခုမှပင် သူဘယ်သို့သွားရမည်ကို စဉ်းစားမိပုံရသည်။

"အေး၊ ငါဘယ်သွားရမလဲ"

သူက ပြန်မေးသည်။

"မင်းမှာ လောလောဆယ် ဘယ်မှသွားစရာမရှိဘူး မဟုတ်လား"

"အင်းလေ"

"ဒါဖြင့်လည်း ငါနဲ့လိုက်ခဲ့ကွာ။ ငါနဲ့ပဲ အတူတူအိပ်ပေါ့။ ဟုတ်ပြီလား"

မောင်မောင်ဦး ခေါင်းညိတ်သည်။

စိန်ပန်းပင်ကျောင်းမှ လိုက်ပါသူများကို သူနှုတ်ဆက်သည်။ ကျေးဇူးတင်ကြောင်း ပြောသည်။ ထိုသူများ ကျောင်းသို့ပြန်သည်။ သူ၊ ကျော့မောင်နှင့် ဗိုလ်ညိုထွန်းတို့ မြို့ထဲသို့ အတူတကွ လျှောက်လာခဲ့ကြသည်။ **ဆက်လက်ဖော်ပြပါမည်။**

**"သားအတွက်ဆိုလျှင် ဘာမဆို ဦးမလေးခဲ့သော မေမေ။ သား၏ စိတ်ချမ်းသာမှုကို အထူးတလည် လိုက်လျောခဲ့သော မေမေ။ အိမ်ထောင်ကျသည်မှစ၍ ဒုက္ခကို ခါးစည်း၍ခံစားခဲ့ရသော မေမေ။ မေမေကား သူ၏စကားအတိုင်း သားဖြစ်သူရောက်လာသည်အထိ၊ သား၏မျက်နှာကို မြင်ရရုံအထိ စောင့်ဆိုင်းခဲ့ပြီးနောက် သားနှင့်တကွသော အရာအားလုံးကို စွန့်လွှတ်ထွက်ခွာသွားခဲ့ချေပြီတကား။ ဗိုလ်ညိုထွန်းသည် မောင်မောင်ဦး၏အဖြစ်ကိုကြည့်ကာ ဘာပြောရမည် မသိတတ်ဘဲ ရှိနေလေသည်။ တစ်ယောက်နှင့်တစ်ယောက် ဆုံတွေ့မိကြသည့် တဒင်္ဂမှာပင် ကြေကွဲဖွယ်သောအဖြစ်နှင့် တိုက်တိုက်ဆိုင်ဆိုင်ဆုံရသည်။ သူ၏ကူညီမှုမှာလည်း အရာမရောက်တော့ပြီဖြစ်ကြောင်းတွေ့ရ...**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း

နန္ဒာသိန်းဇံ

(ယခင်အပတ်မှအဆက်)

“အရက်သေစာကို သောက်စားလို့ မူးယစ်ပြီဆိုရင် လွဲမှားတဲ့မာန်မာနတွေဖြစ်လာတယ်၊ အမိအဖကိုလည်း ဆဲရေးမိတတ်တယ်။ အရက်ယစ်မူးပြီဆိုရင် ယောက္ခမယောက်ျားဟာ ကိုယ့်ချွေးမကိုသော်လည်း ကိလေသာနဲ့ ဆွဲလားငင်လား လုပ်မိနိုင်တယ်၊ အရက်မူးပြီဆိုရင် သမက်ဖြစ်သူဟာ ကိုယ့်ယောက္ခမမိန်းမဖြစ်သူကိုသော်လည်း ကိလေသာနဲ့ ဆွဲလားငင်လားလုပ်နိုင်တယ်၊ သေအရက်သောက်တဲ့မိန်းမဟာလည်း ကိုယ့်ယောက္ခမ၊ ကိုယ့်လင်သားကို ဆဲရေးမိနိုင်တယ်၊ ကိုယ်နဲ့မတန်တဲ့ အလုပ်အကျွေးလက်အောက်ငယ်သားကိုလည်း ကိလေသာနဲ့ ပေါင်းဖော်မိနိုင်တယ်။

ပြီးတော့ အရက်ကြောင့် မူးမူးယစ်ယစ်နဲ့ ဆိုတော့ မေ့လျော့မှုတွေဖြစ်ပြီး အင်မတန်အရေးကြီးတဲ့မှာထားချက်တွေကို အချိန်မီမဆောင်ရွက်မိတာမျိုးတွေ၊ ဒီလိုမဆောင်ရွက်မိလို့ တစ်ပါးသူမှာ အသက်အန္တရာယ်ဆုံးပါးသည်အထိ ထိခိုက်နိုင်တာမျိုးတွေလည်း ဖြစ်သွားနိုင်တယ်” စသည်ဖြင့် ဖော်ပြထားတာတွေရှိတယ်။

ဒီမှာတော့ လိုရင်းလောက်ပဲ ပြောတတ်ပါတယ်။ အသေအချာသိချင်ရင် (သိဖို့လည်းကောင်းပါတယ်) တိံသနိပါတ်ကုမ္ဘဇာတ်ကို ဖတ်ကြည့်စေချင်ပါတယ်။

အရက်ကြောင့် စိတ်ရောဂါအမျိုးမျိုးတွေဟာလည်း ဖြစ်လာနိုင်တယ်။ အရက်ကို စွဲစွဲမြဲမြဲအလွန်အကျွံသောက်လာသူမှာ Dalirium Tremor ခေါ်တဲ့ “အရက်ရူးရောဂါ”မျိုး၊ Alcoholic Hallucinatory Insanity လို့ခေါ်တဲ့ “စိတ်ချောက်ချားရောဂါ” မျိုးတွေဖြစ်လာတတ်တယ်။ ဒီအရက်ရူးရောဂါရှင်၊ စိတ်ချောက်ချားရောဂါရှင်ဟာ တစ်စုံတစ်ဦးသောသူက သူ့ကိုမဟုတ်တာတွေလုပ်ဖို့ အတင်းအကျပ်အမိန့်ပေးနေတဲ့အသံမျိုးတွေကို ကြားယောင်တတ်တယ်။ ကိုယ့်ကိုယ်ကိုယ် ထိခိုက်နာကျင်အောင်ပြုပြီး သေကြောင်းကြံခိုင်းတဲ့အသံမျိုးတွေ ကြားလာတတ်တယ်။ ဒီအခါ ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတတ်တယ်။ တစ်ခါတစ်ရံမှာ ကိုယ်နဲ့အနီးကပ်ဆုံးနေနေတဲ့ကိုယ့်ဇနီးမယားကိုတောင် ကြောက်စရာသတ္တဝါတစ်မျိုးလို့အထင်မှားပြီး လက်နက်တစ်စုံတစ်ရာနဲ့သတ်ဖြတ်တာမျိုးတွေအထိ ဖြစ်တတ်တယ်။

ပြီးတော့ အရက်ကြောင့် Alcoholic Pseudo-Paranoia လို့ခေါ်တဲ့ “ယုံမှားလွန် စိတ်ဝေဒနာ” မျိုးလည်း ရလာတတ်တယ်။ ဒီရောဂါရှင်ဟာ အနီးနားကလူတွေကို အမြဲပဲမယုံသင်္ကာဖြစ်နေတယ်။ မနာလိုဝန်တိုစိတ်တွေ၊ အလိုမကျနိုင်ခြင်းတွေဖြစ်တယ်။ အလိုမကျနိုင်လွန်းတဲ့အခါ ကိုယ့်ကိုယ်ကိုယ်သတ်သေတာမျိုးလည်းရှိတယ်။ ကိုယ့်ဇနီးမယားအပေါ်မှာ အမြဲမယုံသင်္ကာတွေဖြစ်ပြီး ဟိုယောက်ျားနဲ့ စွပ်စွဲ၊ ဒီယောက်ျားနဲ့စွပ်စွဲလုပ်တယ်။ ကိုယ့်သားသမီးတွေကို တခြား၊ တစ်ပါးယောက်ျားနဲ့ ကိုယ့်ဇနီးမယား ဖောက်ပြားလို့ရထားတဲ့ သားသမီးတွေဖြစ်တယ်လို့တောင် သံသယတွေဖြစ်နေတတ်တယ်။ ဘယ်လိုတောင်ဖြစ်သလဲဆိုရင် ယုံမှားသံသယပြင်းထန်လာတဲ့အခါ ကိုယ့်သားသမီးကို သတ်ပစ်တဲ့အထိ စိတ်ကြမ်းကိုယ်ကြမ်းတွေဖြစ်တယ်။

နောက်ပြီးတော့ Alcoholic Pseudo-Paresis လို့ခေါ်တဲ့ အရက်ကြောင့် အာရုံကြောချို့ယွင်းတဲ့ရောဂါဖြစ်လာတဲ့အခါမှာ ခြေတွေလက်တွေ ကောင်းကောင်းမွန်မွန် မလှုပ်ရှားနိုင်ဖြစ်သွားတယ်။ သွားတဲ့အခါမှာ ခြေမသယ်နိုင်ဘဲ ခြေဆွဲနေတာမျိုး၊ ထော့နင်းထော့နင်းဖြစ်နေတာမျိုးကို မြင်ဖူးကြမှာပဲ။ ဒီလိုမဖြစ်ရင်လည်း ဒီရောဂါရှင်မှာ ဘဝင်မြင့်လွန်းတဲ့ စိတ်တွေဖြစ်လာပြီး လောကမှာ သူလုပ်ရင်ဖြစ်တာချည်းပဲလို့ ထင်လာတယ်။ သူ့ရဲကောင်းဆန်ဆန် ထင်မိထင်ရာတွေ မဟုတ်မတရားတွေလုပ်တာပဲ။

အရက်ကြောင့် ဒီလိုဖောက်ပြန်ပျက်စီးနေသူမှာ စည်းစိမ်ဥစ္စာတိုးတက်ဖို့၊ အောင်မြင်သင့် အောင်မြင်ထိုက်တာတွေကို အောင်မြင်ဖို့မလွယ်ပါဘူး၊ အရက်စွဲနေတဲ့အရက်သမားဟာ ကောင်းတဲ့ကျော်စောသတင်းရဖို့လည်း ခက်ပါတယ်။ “အလကား အရက်သမား၊ ကဖော်သမားကြီးပါကွာ” လို့ အပြောခံရဖို့ များတယ်။ အရက်ရဲ့ကျေးကျွန်ဖြစ်နေသူဟာ ပညာရှိကြတဲ့၊ အကျင့်သီလကောင်းရှိကြတဲ့ ရိုးရိုးကျင့်မြင့်မြင့်ကြံကြတဲ့လူတွေကြားကိုရောက်ရင် မလုံမလဲဖြစ်နေတတ်တယ်။

ဒီဘက်ခေတ်မှာ သိပ်ကိုအန္တရာယ်များတဲ့ ဘိန်းဖြူလို မူးယစ်ဆေးဝါးမျိုးတွေကို စွဲစွဲလမ်းလမ်းသုံးစွဲသူအတွက်တော့ ပိုလို့တောင်အောင်မြင်မှုတွေဆုံးရှုံးနိုင်တယ်ဆိုတာ သိသာပါတယ်။ ပစ္စည်းဥစ္စာလည်းဆုံးရှုံးတာပဲ၊ လူမျိုးလည်း တုံးသွားနိုင်တာပဲ။ ကောင်းတဲ့ကျော်စောသတင်းလည်း ဘယ်လိုမှမရှိနိုင်ပါဘူး။

“ဒီလူကဆေးသမားပဲ”လို့ပြောမှာပဲ။ ဆေးသမားဆိုတော့ သူတစ်ပါးပစ္စည်းဥစ္စာကိုတော့ မပြောနဲ့တော့၊ ကိုယ့်မိကိုယ့်ဖ ကိုယ့်အိမ်ကပစ္စည်းကိုတောင် ယစ်မူးဖို့ခိုးယူနိုင်သူဆိုတော့ သူ့ကိုအများတကာက မယုံသင်္ကာမျက်လုံးတွေနဲ့ ကြည့်ကြမှာပဲ။ ပညာရှိပရိသတ်၊ သူတော်သူမြတ်ပရိသတ်တွေထဲကိုလည်း သူဟာ တင့်တင့်တယ်တယ် ဝင်နိုင်၊ နေနိုင်မှာမဟုတ်ဘူး။

အရက်တို့၊ မူးယစ်ဆေးဝါးတို့ရဲ့ ကျေးကျွန်ဖြစ်နေသူဟာ ကောင်းသောသေခြင်း၊ ကောင်းသောကွယ်လွန်ခြင်းမဖြစ်နိုင်ပါဘူး၊ တွေတွေဝေဝေပဲသေရ၊ ကွယ်လွန်ရ၊ ဘဝနိဂုံးသတ်ရမှာ သေချာပါတယ်။

ဖဲရိုက်ခြင်းအစရှိတဲ့ လောင်းကစားမှုကို စွဲစွဲလမ်းလမ်းပြုနေသူဟာလည်း ပုံမှန်ကြီးပွားတိုးတက်ဖို့ မဖြစ်နိုင်ပါဘူး။ ဖဲရိုက်ခြင်းစတဲ့ လောင်းကစားတဲ့အလုပ်နဲ့ကြီးပွားသူဟာ အင်မတန်ရှားပါတယ်။ အနိုင်နဲ့အရှုံး ဘယ်ဟာကများသလဲလို့ ချိန်ဆကြည့်ရင် ရှုံးတဲ့အလှည့်ပဲ များပါလိမ့်မယ်။

ဖဲရိုက်ခြင်းအစရှိတဲ့ လောင်းကစားမှုကို စွဲစွဲလမ်းလမ်းပြုနေသူမှာ ကောင်းတဲ့ကျော်စောသတင်းဖြစ်ဖို့မလွယ်ပါဘူး။ “ဒီလူဟာ ဖဲသမား၊ အလောင်းသမားပါကွာ” ဆိုတဲ့အပြောမျိုးနဲ့ အထင်သေး အမြင်သေးခံရဖို့အခြေအနေက များပါတယ်။ လောင်းကစားခြင်းကို ဝါသနာပါတဲ့သူအချင်းချင်းတောင် အထင်ကြီးခြင်း၊ လေးစားခြင်းမရှိပါဘူး။ လောင်းကစားဖို့ စိတ်ကူးတွေကိုသာ အချိန်အများဆုံး စိတ်ထဲမှာသိမ်းပိုက်ထားသူဟာ အချိန်ကို တန်ဖိုးထားကြတဲ့ စိတ်ကောင်းစိတ်မြတ်ရှိကြတဲ့ ပရိသတ်တွေထဲဝင်ဖို့ ပျော်မွေ့မှာမဟုတ်ပါဘူး။ ဒီပရိသတ်မျိုးနဲ့ ဆီလျော်မှာလည်း မဟုတ်ဘူး။ ဒီလိုပရိသတ်ထဲဝင်ဖို့ မလုံမလဲဖြစ်ခြင်းတွေလည်း ရှိနေမှာပဲ။

ဖဲရိုက်ခြင်းစတဲ့ လောင်းကစားမှုကို ပြုသူမှာ အင်မတန်မှတန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးပစ်ရာရောက်တယ်။ အရေးကြီးတာတွေ၊ တန်ဖိုးရှိတာတွေ၊ မွန်မွန်မြတ်မြတ်လုပ်သင့်တာတွေကို မေ့လျော့ပစ်ရာ ကျောခိုင်းနေရာလည်းရောက်တယ်။ နေ့မှန်းမသိ၊ ညမှန်းမသိနဲ့ အအိပ်ပျက်အစားပျက်လောင်းကစားနေတော့ ကျန်းမာရေးတွေလည်း ချို့ယွင်းလာနိုင်တာပဲ။

လောင်းကစားနေချိန်မှာ အင်မတန်ရှက်နိုးဖွယ်ကောင်းတဲ့လောဘတရားတွေနဲ့ လောင်းကစားနေရတော့ မျက်နှာဟာလည်း မကြည်လင်ပါဘူး။ စိတ်လည်းမကြည်လင်ပါဘူး။ ဒီတော့ အလွန်အကျွံစွဲစွဲလမ်းလမ်းနဲ့ လောင်းကစားတတ်သူဟာ တွေတွေဝေဝေနဲ့ ဘဝနိဂုံးသတ်ဖို့များပါတယ်။ ကောင်းတဲ့ဘဝ၊ ကောင်းတဲ့အဖြစ်မျိုးကိုရဖို့၊ ရောက်ဖို့လည်း မလွယ်ပါဘူး။

ပြင်းထန်တဲ့ဆန္ဒနဲ့ မြင့်မြတ်သူဖြစ်ဖို့ ရည်မှန်းချက်ခိုင်ခိုင်ကြီး ချထားမယ်ဆိုရင် စိတ်ဓာတ်တွေကလည်း လိုက်ပါပြီး ခိုင်ခံ့လာမယ်၊ ဝီရိယကလည်း လိုက်ပါကြိုးစားပြီး အထောက်အကူပြုလာမယ်၊ အမှားအမှန်သိတတ်တဲ့ အသိအမြင်ပညာကလည်း လိုက်ပါပြီး ထောက်ကူလာမယ်၊ ဒီအခါမှာ ဘဝတိုးတက်ရေးကို အဟန့်အတားအနှောင့်အယှက်ပေးတတ်တဲ့ ကိုယ့်ဝန်းကျင်ကိုလည်း ညစ်ညမ်းထိခိုက်စေနိုင်တဲ့ အကျင့်ဆိုး၊ အပြုအမူဆိုးတွေကလွန်မြောက်ပြီး တင့်တင့်တယ်တယ် ဘဝခရီးကို လှမ်းလျှောက်သွားသူ၊ ကိုယ့်ဝန်းကျင်ကိုလည်း လှပတင့်တယ်စေသူ ဖြစ်နိုင်ကောင်းတယ်လို့ ဆိုရမှာပါပဲ။

အကျင့်သီလကောင်းရှိသူ၊ မဟုတ်မမှန်တာတွေမလုပ်သူဟာ ဘယ်လိုအပြစ်ဒဏ်တွေကိုမှလည်း ကြောက်ရွံ့ထိတ်လန့်စရာမရှိပါဘူး။ ကိုယ့်မှာကအပြစ်ကျူးလွန်ခဲ့တာ၊ မဟုတ်တာတွေလုပ်တာမရှိတော့ ဘယ်သူ့ကိုမှလည်း ခယအောက်ကျို့စရာမလိုဘူး။ အပြစ်ရှိတဲ့သူသာ၊ မဟုတ်တာတွေ လုပ်ခဲ့သူသာပဲ အပြစ်ကလွတ်ဖို့ တစ်ပါးသူကို ခယအောက်ကျို့ရတာပဲ။ အပြစ်မရှိတော့ ဘယ်သူ့ကိုမှလည်း ခယအောက်ကျို့နေစရာမလိုဘူး၊ နောင်တတွေ၊ ပူပင်သောကတွေ၊ စိုးထိတ်ရတာတွေနဲ့ ကြောင့်ကြောင့်ကြကြဖြစ်မနေရဘဲ ဘဝခရီးကို ဦးထောင်ထောင် လည်မော့မော့နဲ့ လှမ်းလျှောက်သွားနိုင်သူ ဖြစ်နိုင်ကောင်းပါတယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်




**အိပ်မက်ကြီးကြီးမက်ပါ**

“အိပ်မက်သည် သင်လိုချင်သည့်အရာကို မဖြစ်မနေရယူလိုသောဆန္ဒကြီးဖြစ်လာမည်။ ဘဝတွင် သင်လိုသည့်အရာကို ရရှိရန်အတွက် သိစိတ်ဖြင့်အိပ်မက်မက်မှုသည် မရှိမဖြစ်လိုအပ်သည်။”

**စာရေးဆရာ အမ်၊ အက်စ်၊ ရက်ဒီ (M.S.Reddy)**

အိပ်မက်တွေ မက်ဖူးကြမည်ဖြစ်သည်။ အိပ်မောကျနေစဉ် မက်သည့်အိပ်မက်မျိုးကားမဟုတ်။ လိုချင်တပ်မက်မှုအလိုက် စိတ်ကူးယဉ်အိပ်မက်မက်ခြင်းကို ဆိုလိုရင်းဖြစ်သည်။

ဘဝအတွက် အိပ်မက်ကြီးကြီးမက်ရန်လိုပါသည်။

အောင်မြင်မှု၊ ချမ်းသာမှု၊ ကြွယ်ဝမှုတို့နှင့်ပတ်သက်၍ ကြီးကြီးမားမားဖြစ်စေရန်အတွက် အိပ်မက်ကို ကြီးကြီးမက်ကြရန်အရေးကြီးသည်။

“မအောင်မြင်ခင် အောင်မြင်မှုကို သိမ်းသွင်းတတ်ရန်လိုသည်။ အောင်မြင်မှုကို သင်မည်သို့သိမ်းသွင်းမည်နည်း။ စိတ်ကူးယဉ်အိပ်မက် မက်ခြင်းဖြင့် သိမ်းသွင်းရပေမည်”ဟု ဗြိတိန်နှင့် အိန္ဒိယစာရေးဆရာကြီး အမ်၊ အက်စ်၊ ရက်ဒီ (၁၉၂၄-၂၀၁၁) က ရေးသားခဲ့ဖူးသည်။

စိတ်ကူးယဉ်အိပ်မက်မက်ခြင်းသည် တကယ့်အောင်မြင်မှုအတွက် အစမ်းလေ့ကျင့်ခြင်းနှင့် တူပေသည်ဟုလည်း ယင်းစာရေးဆရာကြီးက ရေးသားခဲ့ဖူးကြောင်း မှတ်သားဖူးပါသည်။

သို့ဖြစ်၍ ယနေ့အောင်မြင်ကြီးပွားချမ်းသာလိုကြသော လူငယ်လူရွယ်များနှင့် အရွယ်မရွေး လူတိုင်းလူတိုင်းသည် တကယ့်အောင်မြင်မှုရရှိရန် အစမ်းလေ့ကျင့်ခြင်းအဖြစ် စိတ်ကူးယဉ်အိပ်မက်မက်ရန် အရေးကြီးပါသည်။ အိပ်မက်မက်သည့်အခါမှာလည်း အိပ်မက်ကြီးကြီးသာမက်ကြရန် တိုက်တွန်းလိုပါသည်။

“အိပ်မက်ကြီးကြီးသာ မက်လိုက်ပါ”

မိမိလိုချင်တောင့်တသော၊ ဖြစ်ချင်သောအရာမှန်သမျှကို ပထမအဆင့် စိတ်ကူးယဉ်၊ ဒုတိယအဆင့် အိပ်မက်မက်၊ တတိယအဆင့် လက်တွေ့အကောင်အထည်ဖော်ကြိုးစားလိုက်ခြင်းဖြင့် အလိုဆန္ဒကို ပြည့်ဝစွာရရှိလာနိုင်ပါသည်။

အိပ်မက်မက်ရာတွင် ရဲရဲသာမက်လိုက်ပါ။ အိပ်မက်သည် အကန့်အသတ်မရှိသကဲ့သို့ ကြီးကြီးကျယ်ကျယ်မက်ခွင့်လည်းရှိသည်။ မိမိမက်လိုက်သည့်အိပ်မက်ကိုလည်း မည်မျှပင်ကြီးကျယ်မြင့်မားနေစေကာမူ ဖြစ်ကိုဖြစ်ရမည်ဟူသည့် မိမိစိတ်ကိုမွေးမြူရပေမည်။

မိမိကိုယ်တိုင် မက်လိုက်သည့်အိပ်မက်အရ မိမိဖြစ်ချင်သည့်ဘဝကို ပုံကြမ်းရေးဆွဲကာ နေ့စဉ်မြင်တွေ့နိုင်မည့်နေရာတွင် ထင်ထင်ရှားရှားချိတ်ဆွဲထားရမည်။ သို့မှသာ မိမိဖြစ်လိုသည့်ဆန္ဒနှင့်ဘဝကို နေ့စဉ်မြင်တွေ့နေရပြီး စိတ်စွမ်းအားကို နှိုးဆော်ပေးရာရောက်မည်ဖြစ်သည်။

ထိုအခါ အိပ်မက်ကိုမဖြစ်မနေဖြည့်ဆည်းရန် စိတ်ဆန္ဒက ပိုမိုနိုးကြားလာပေမည်။ စိတ်ဆန္ဒ၏ နိုးကြားနှိုးဆော်မှုကြောင့် ကြိုးစားမှုကလည်း မဖြစ်မနေပေါ်ပေါက်လာရသည်။

ယင်းစိတ်ကူးအိပ်မက်များကပင် မိမိဘဝ၏အနာဂတ်ကို သိမြင်လှုံ့ဆော်၊ ပုံဖော်နိုင်စေရန် အထောက်အကူများစွာပြုမည်လည်းဖြစ်သည်။ စိတ်စွမ်းအင်၊ စိတ်တန်ခိုးကို အရှိန်အဟုန်မြင့်စေရန် တွန်းအားအဖြစ်လည်း အထောက်အကူပြုမည်ဖြစ်ပေသည်။

“လူတိုင်းမှာ မသုံးဘဲပုန်းခိုနေတဲ့ စွမ်းအင်တွေအများကြီးရှိနေသတဲ့။ ငါ့ရဲ့ရှေ့မှာ အဆုံးအစမဲ့ဖြစ်နိုင်ခြေတွေ ရှိနေတယ်။ ငါဘာကိုမှမကြောက်ဘူး။ အိပ်မက်ကြီးကြီးမက်မယ်”ဟု ပါမောက္ခဝီလျံဂျိမ်းစ်ကလည်း ပြောဖူးကြောင်း မှတ်သားဖူးပါသည်။

ကြီးကျယ်မြင့်မားသည့် အိပ်မက်များကို လူတိုင်းလူတိုင်းမက်ခွင့်ရှိနေကြသည်ကိုက လောကသဘာဝတရား၏ပေးထားချက် အခွင့်အရေးဖြစ်သည်။ မိမိစိတ်ကူးရှိသလောက် မက်ခွင့်ရှိနေသည်။ စိတ်ကူးယဉ်အိပ်မက်ကို တန်းတန်းစွဲမက်နေရမည်က မိမိဘဝအောင်မြင်မှု၏ဖြစ်တည်မှုပင်ဖြစ်သည်။

စိတ်ကူးအိပ်မက်ကို အကောင်အထည်ပေါ်လာအောင် ဖန်တီးနိုင်မှုစွမ်းအားပေါ်တွင် မူတည်ကာ ဘဝအောင်မြင်မှု အတိမ်အနက်များက ကွာခြားသွားရခြင်းသာဖြစ်သည်။ ထို့ကြောင့် အိပ်မက်ကြီးကြီးသာမက်ပါ။

မိမိအိပ်မက်ကိုချရေးပါ။

မိမိဖြစ်လိုသည့်ဆန္ဒကို မြင်သာထင်သာရှိသောနေရာတွင် ကပ်ထားပါ။

နေ့စဉ်နေ့စဉ် ဖတ်ပေးပါ။

နေ့စဉ်ရေရွတ်ပါ။ ရွတ်ဆိုပါ။ အသံထွက်ပြီး အခေါက်ခေါက်အခါခါရွတ်ဆိုပါ။

သို့မှသာ စိတ်ကူးအိပ်မက်မှဆန္ဒကို လှုပ်နှိုးကာ လက်တွေ့ကြိုးစားမှုများက မိမိ၏အိပ်မက် မက်သလောက် ကြီးကျယ်မြင့်မားမှုအတိုင်း အောင်မြင်ကြီးပွားချမ်းသာမှုများကို ရရှိလာမည်ဖြစ်ပေတော့သည်။ ။

# အခွင့်အရေး ရချင်သလား

မောင်ထူးချွန်

အခွင့်အရေးဆိုတဲ့နေရာမှာ စာမေးပွဲအောင်မြင်ဖို့လား၊ အလုပ်အကိုင်ရရှိဖို့လား၊ အောင်မြင်မှုရရှိဖို့လား၊ စီးပွားရေးလုပ်ကွက်အခင်းအကျင်းရရှိဖို့လား စတဲ့ရည်ရွယ်ချက်တွေရှိနေမှာပါပဲ။

မောင်တို့၊ မယ်တို့အပါအဝင် လူတိုင်းလူတိုင်းမှာ အလားအလာရှိပါတယ်။

ဖြစ်ချင်တဲ့ဆန္ဒတော့ ရှိဖို့လိုတာပေါ့။ ဆန္ဒလည်းရှိမယ်၊ ကိုယ်တိုင်လည်း ကြိုးစားမယ်ဆိုရင် ဖြစ်ချင်တဲ့ဆန္ဒအတိုင်း အခွင့်အရေးတွေက ရရှိလာနိုင်ပေမပေါ့။ ဒါကြောင့် ဆန္ဒကိုအရင်ဖြစ်တည်ပါ။ ဘယ်လောက်ကြီးကြီး ဆန္ဒမျိုးရှိနေသလဲဆိုတဲ့အပေါ်မှာ မူတည်မယ်။



မောင်တို့ မယ်တို့ဟာ တက္ကသိုလ်ဝင်တန်းကျောင်းသားအရွယ်ဆိုရင် စာမေးပွဲအောင်မြင်ဖို့ အခွင့်အရေး ရချင်တာနေမှာပေါ့။ ဟုတ်ပါပြီ။ စာမေးပွဲအောင်မြင်ချင်တယ်ဆိုရင် သင်ခန်းစာတွေကို ကျက်မှတ်ရမှာပေါ့။ အခုအနေအထားမှာဆိုရင် စာမေးပွဲကိစ္စခဏထားပါဦး။ လောလောဆယ်မှာ ကျောင်းတက်ရက်ကော မှန်ရဲ့လား၊ ကျောင်းခေါ်ချိန်ပြည့်မီရဲ့လား၊ သင်ခန်းစာတွေကော မှတ်စုစာအုပ်ထဲမှာ အဆင်သင့်ရှိရဲ့လား မေးစရာရှိတာပေါ့။ အဲဒါတွေလည်းပြည့်စုံတယ်ဆိုရင် စာမေးပွဲဖြေဆိုဖို့ ဖောင်ကောတင်ပြီးပလား၊ စာမေးပွဲဖြေဆိုဖို့ရာ သတ်မှတ်ရက်အမီ ပြင်ဆင်စရာရှိတာတွေ ပြင်ဆင်ပြီးပြီဆိုရင်တော့ သင်ခန်းစာတွေကို ကျက်မှတ်ပြီးပြီလားပေါ့။

စာမေးပွဲဖြေဆိုဖို့ အဆင်သင့်အနေအထားမှာ ရှိနေပါပြီ၊ သင်ခန်းစာတွေလည်း ကျက်မှတ်ပြီးစီးလို့ ပြန်လှန်လေ့ကျင့်ခန်းတွေတောင် သူ့ရက်နဲ့သူ အချိန်ဇယားရေးဆွဲထားရှိကာ စာတွေပြန်နွှေးနေပြီဆိုရင် သေချာပြီပေါ့။ အချိန်ရောက်ရင် စာမေးပွဲကို ဝင်ဖြေလိုက်ရုံပဲရှိတော့တာ။

စာမေးပွဲအောင်မြင်ဖို့ အခွင့်အရေးရပြီပေါ့။ အောင်မြင်မှုရမှာလည်း အသေအချာပဲပေါ့။

မောင်တို့ မယ်တို့ဟာ အလုပ်အကိုင်ရရှိဖို့အတွက် ဆန္ဒရှိတာဆိုရင်တော့ လိုချင်တဲ့အလုပ်အကိုင်ရဲ့ သတ်မှတ်ထားတဲ့အရည်အချင်းတွေကို သိရှိဖြည့်ဆည်းထားရမယ်။ အစိုးရဝန်ထမ်းလား၊ ကုမ္ပဏီဝန်ထမ်းလား၊ ပုဂ္ဂလိကလုပ်ငန်းမှာဝန်ထမ်းဖြစ်ချင်တာလား၊ ကိုယ်ပိုင်လုပ်ငန်းရှင်ဖြစ်ချင်တာလား၊ အဲဒီအပေါ်မှာရွေးချယ်ရမှာပေါ့။

ကိုယ်ရွေးချယ်တဲ့အလုပ်နဲ့ အံဝင်ခွင်ကျဖြစ်မယ့် ပညာအရည်အချင်းတွေ၊ အသက်အရွယ်တွေ ရှိနေပြီဆိုပါတော့။ ဖြစ်ချင်တဲ့အလုပ်ရဲ့ စည်းကမ်းသတ်မှတ်ချက်တွေ ပြည့်မီတယ်ဆိုရင်တောင် အလုပ်ခေါ်တဲ့သတ်မှတ်ရက်အတွင်းမှာ လျှောက်လွှာတင်ဖို့၊ လိုအပ်တဲ့ စာရွက်စာတမ်းတွေပြည့်စုံစွာပါရှိဖို့၊ အင်တာဗျူးခေါ်တဲ့ရက်၊ အချိန်နာရီမှာ တိတိကျကျရောက်ရှိဖို့၊ အင်တာဗျူးဖြေဆိုရာမှာ ရေးဖြေလား၊ နှုတ်ဖြေလား အဆင်ပြေချောမွေ့ဖို့ဆိုတာတွေကို ပြီးပြည့်စုံအောင် ပြင်ဆင်ကာ ဖြေဆိုခဲ့ပြီးပြီဆိုရင်တော့ မောင်တို့ မယ်တို့ဟာ အလုပ်အကိုင်ရနိုင်မယ့် အခွင့်အရေးတွေ ရရှိနေပြီပေါ့ကွယ်။

အခွင့်အရေးရပြီဆိုရင် ဆန္ဒရှိနေတဲ့အလုပ်အကိုင်ရပြီပေါ့။

မောင်တို့မယ်တို့ဟာ အောင်မြင်မှုရရှိဖို့အတွက်ပဲဖြစ်ဖြစ်၊ စီးပွားရေးလုပ်ကွက်အခင်းအကျင်းရရှိရေးအတွက်ပဲဖြစ်ဖြစ် ဘဝအောင်မြင်ရေးနည်းနာတွေကို အသေအချာလေ့လာ လိုက်နာကျင့်ဆောင်ရမှာပေါ့ကွယ်။

"လောကကြီးမှာ တကယ်အောင်မြင်သူကနည်းနည်း၊ မအောင်မြင်ဘဲ ဟိုကွေ့၊ ဒီကောက်၊ ချောက်ထဲကျပြီး အောင်မြင်မှုဆိုတာ ရေရေရာရာမသိဘဲ လျှောက်ပြောနေသူကများများ၊ အောင်မြင်မှုဆိုတာ ခရီးဆုံးတစ်ခုလို့ သတ်မှတ်ရမယ့် အရာတစ်ခုပါ။ စစ်မှန်တဲ့အောင်မြင်မှုတွေရဖို့ဆိုတာ နေ့စဉ်နေ့စဉ်ကြိုးစားရမယ့်အရာတစ်ခုပါပဲ" လို့မှတ်သားဖူးပါတယ်။

ဘယ်လိုအလုပ်မျိုးပဲလုပ်နေလုပ်နေ စိတ်ကောင်းစေတနာကောင်းနဲ့လုပ်ပါ။ နောက်ပြီး ကိုယ်လုပ်ခွင့်ရတဲ့အလုပ်ကို မြတ်မြတ်နိုးနိုးနဲ့ ပျော်ပျော်ရွှင်ရွှင်ကြည်ကြည်သာသာ၊ သပ်ရပ်သန့်ရှင်းစွာ လုပ်နေမယ်ဆိုရင် အောင်မြင်မှုဆိုတာ လက်တစ်ကမ်းမှာပါပဲ။ နေ့စဉ်လုပ်ငန်းဆောင်တာတိုင်းဟာ ဘဝအောင်မြင်မှုကို သက်ရောက်စေတာပါပဲ။ နေ့သစ်တွေတိုင်းဟာ အောင်မြင်မှုတွေကို ဖန်တီးယူရာအချိန်ကောင်းတွေပဲပေါ့။ အောင်မြင်မလား၊ ကျဆုံးမလားဆိုတာ မိမိရဲ့ နေ့စဉ်လုပ်ငန်းဆောင်တာတွေ လုပ်ပုံကိုင်ပုံတွေနဲ့ အချိုးကျဆက်နွယ်နေတယ်ကွယ့်။

အောင်မြင်မှုရရှိဖို့ဆိုရင် ပေးဆပ်ရပါလိမ့်မယ်။ ဘယ်အရာမှ အလကားမရနိုင်ပါဘူး။ တန်ရာတန်ကြေးကို မုချပေးဆပ်ရမှာပါပဲ။ မတွန့်တိုနဲ့၊ အချောင်မခိုဖို့တော့လိုတယ်။

မိမိကိုယ်တိုင်ကြိုးစားအားထုတ်မှု၊ အကောင်းဆုံးအလုပ်လုပ်မှု၊ ပျော်ပျော်ရွှင်ရွှင်၊ ထက်ထက်သန်သန်လုပ်တာဟာ အောင်မြင်မှုရဲ့ အနှစ်သာရပါပဲ။ အခုအချိန်မှာပေးဆပ်ပါ။ နောင်မှ အမောဖြေပါ။ သာယာပါ။ ဘဝအတွက် အရာရာတိုင်းဟာ သူနဲ့ညီမျှတဲ့တန်ဖိုးနဲ့ ဝယ်ယူကြရတာဖြစ်တယ်ကွယ့်။

"သူတစ်ပါးရဲ့ကောင်းကြောင်းကို ပြောချင်ပြော၊ မပြောချင်ရင်မပြောနဲ့၊ သူတစ်ပါးမကောင်းကြောင်းတွေကို တကယ်သိတာဖြစ်စေ၊ တကယ်မသိဘဲ ထင်ကြေးနဲ့ဖြစ်စေ ဘယ်တော့မှ မပြောမိပါစေနဲ့။ ဒါမှလည်း စိတ်ကိုဖြူစင်အောင်ထားရာရောက်တယ်။ စိတ်ယုတ်၊ စိတ်ပုပ်ရှိနေရင် ဘယ်မှာအောင်မြင်ပါတော့မလဲ"ဆိုတဲ့စကားကိုလည်းမှတ်သားဖူးပါတယ်။

နေ့စဉ်တိုးတက်ဖို့ အာရုံစိုက်ပါ။ ရတဲ့အချိန်တိုင်းကို တန်ဖိုးရှိရှိအသုံးချပါ။ အချိန်ကို အသေအချာစီမံခန့်ခွဲပါ။ ဦးစားပေးရွေးချယ်ပြီး အထိုက်တန်ဆုံးအလုပ်တွေကို လုပ်ပါ။ အချိန်ကိုသုံးပါ။ မဖြုန်းပါနဲ့။

ကြီးကျယ်ခမ်းနားတဲ့ အောင်မြင်မှုမျိုးဆိုတာ တစ်ဦးတစ်ယောက်တည်းနဲ့ မစွမ်းဆောင်နိုင်ပါဘူး။ လူတွေအများကြီး သူ့နေရာနဲ့သူတက်ညီလက်ညီပါဝင်ပြီး စုပေါင်းလုပ်ဆောင်ကြရပါတယ်။ ကိုယ့်ပတ်ဝန်းကျင် ဘေးဘယ်ညာရဲ့ အကူအညီလိုတယ်။ အထက်လူရဲ့ ကူညီစောင့်ရှောက်မှုလိုတယ်။ လက်အောက်ငယ်သားတွေရဲ့ အားပါပါပူးပေါင်းပါဝင်မှု လိုအပ်တယ်။

ဘဝမှာ အောင်မြင်ချင်တယ်၊ အောင်မြင်မှုရချင်တယ်ဆိုရင် လူမှုဆက်ဆံရေးကောင်းမွန်မှု ရှိရပါမယ်။ မေတ္တာကိုရှေးရှုပါ။ လူတစ်ဦးချင်းစီကို စိတ်ဝင်စားပါ။ မေတ္တာရရှိအောင် နေထိုင်ပြုမူပါ။ နာမည်တွေကိုမှတ်စုနဲ့ မှတ်သားထားပြီး အလွတ်ရရှိနေအောင်ကျက်မှတ်ပါ။ နာမည်ခေါ်ပြီး နှုတ်ဆက်ပါ။ နာမည်ခေါ်ပြီး စကားပြောပါ။ မိမိနာမည်အခေါ်ခံရတာ၊ မိမိနာမည်ကို တကူးတကခေါ်ပြီးစကားပြောတာကိုခံရတဲ့အခါ လူတိုင်းက နားဝင်ချိုပါတယ်။ နှစ်သက်ကြပါတယ်။ သူတစ်ပါးကို ကိုယ်ချင်းစာပါ၊ ကြင်နာ၊ ဖေးမပါ၊ ဦးစားပေးပါ၊ ကူညီပေးပါ။ ကိုယ်ကိုယ်တိုင်ကတော့ သည်းခံပါ၊ ခွင့်လွှတ်ပါ၊ အနစ်နာခံပါ၊ စိတ်ကောင်းထားပါ၊ စေတနာကောင်းထားရှိပါ၊ မနောဖြူပါစေ။

အဲဒီလိုသာ စိတ်ရောကိုယ်ပါပြုမူ၊ ကျင့်ဆောင်ကြမယ်ဆိုရင် ယနေ့မျိုးဆက်သစ်လူငယ်လူရွယ် မောင်တို့မယ်တို့သာမက လူတိုင်းလူတိုင်းအတွက် နေရာတိုင်း၊ အချိန်တိုင်းမှာ အခွင့်အရေးတွေ အသင့်ရှိနေမှာပါပဲ။

အခွင့်အရေးတွေ ရရှိလာမှာ အသေအချာပဲပေါ့ကွယ်။ ။

# သင့်ပြဿနာအားလုံးကို ပျော်ရွှင်စွာခံစားပါ

အောင်မြတ်စည်သူ

ပြဿနာတိုင်းတွင် ဖြေရှင်းနည်းရှိသည်။

တစ်ခုရှိပြီး တစ်ခုကင်းမဲ့နေ၍မရချေ။ ထို့ကြောင့် ပြဿနာများကို မုန်းသည်ဟု ကျွန်တော်တို့ ဘာကြောင့်ပြောသနည်း။ ဝရုန်းသုန်းကားရပ်တည်နေရသောဘဝမှ ကင်းမဲ့လိုပါသည်ဟု မည်သည့်အတွက် ကျွန်တော်တို့ ဆိုပါသနည်း။ တစ်စုံတစ်ယောက် စိတ်ပိုင်းဆိုင်ရာ ဖျားနာနေပါလျှင် "သူ့မှာပြဿနာရှိသလား" ဟု ကျွန်တော်တို့ဘာကြောင့် ပြောသနည်း။

ကျွန်တော်တို့ရှင်သန်နေထိုင်ရာတွင် ကျွန်တော်တို့အတွက် ပြဿနာများသည် ကောင်းလှသည်ဟု ကျွန်တော်တို့မသိစိတ်တွင် သိသည်။ ကျွန်တော့်သမီး၏ ဆရာမက ဆရာမိဘတွေ့ဆုံပွဲ၌ ကျွန်တော့်သမီးသည် သင်္ချာဘာသာရပ်တွင် လွန်ခဲ့သောနှစ်ထက် ပိုများစွာသောပြဿနာများကို တွက်ချက်ရမည်ဟု ဆိုခဲ့သောအခါ ကောင်းလှသည်ဟု ကျွန်တော်ထင်ခဲ့သည်။ ပြဿနာများကို ရင်ဆိုင်ဖြေရှင်းခြင်းသည် ကောင်းမွန်သည်ဟု မည်သည့်အတွက်ကြောင့်ထင်သနည်း။

ကျွန်တော်တို့ကလေးများအတွက် ပြဿနာများကို ဖြေရှင်းခြင်းဖြင့် ကျွန်တော်တို့ကလေးများ ပို၍ပြည့်ဝမှုရှိလာမည်။ သူတို့စိတ်ကိုသူတို့ ပို၍ယုံကြည်မှုရှိလာမည်။ သူတို့ကိုယ်သူတို့ ပြဿနာဖြေရှင်းနိုင်သူများ အဖြစ်မြင်ကြမည်။ အရာရာကို သူတို့ပို၍ရင်ဆိုင်နိုင်လာပေမည် ဖြစ်သည်။

ပြဿနာများနှင့်ပတ်သက်၍ ကျွန်တော်တို့ကိုယ်တိုင် အယူသီးလှသောကြောင့် ကျွန်တော်တို့သည် ပြဿနာကိုဖြေရှင်းရန် ဝါယမပြုသည်ထက် ပြဿနာမှပြေးထွက်ရန် ကြိုးစားနေတတ်ကြသည်။

ကျွန်တော်တို့သည် ပြဿနာများကို တစ္ဆေ၊ ဘီလူးတမျှ ချောက်ချားစရာကောင်းသည်ဟုမြင်ကြသောကြောင့် သူတို့သည် မကောင်းဆိုးဝါးကောင်များကဲ့သို့ ကျွန်တော်တို့ခုတင်အောက်တွင် ရှင်သန်နေထိုင်သလို ဖြစ်နေသည်။ နေ့တာတွင် သူတို့ကို မဖြေရှင်းခဲ့ခြင်းကြောင့် ညဘက်တွင် သူတို့ကိုကြောက်လန့်နေရသလို ဖြစ်နေသည်။

လူထုက သူတို့ပြဿနာများကို အာမခံလုပ်ငန်း မဟာပုဂ္ဂိုလ်ကြီးထံသို့ ဆောင်ယူသွားကြသောအခါ သူက "ခင်ဗျားမှာ ပြဿနာရှိလား၊ သိပ်ကောင်း"ဟူ၍ လက်ခံလေ့ရှိခဲ့သည်။ သို့အတွက်ကြောင့် ပြဿနာများသည် ကြောက်လန့်စရာမဟုတ်ချေ။ ပြဿနာများသည် ကျိန်စာများမဟုတ်ချေ။ ပြဿနာများသည် ဉာဏ်ရည်အားကစားသမားများအတွက် ပွဲကြမ်းများသက်သက်သာဖြစ်ပြီး စစ်မှန်သောကစားသမားများအတွက် ပွဲစရန် စိတ်စောနေတတ်သည်။

The Road Less Traveled တွင် အမ်စတော့ပက်၏ အဓိကရည်ညွှန်းမှုတစ်ရပ်ကား "ပြဿနာသည် ကျွန်တော်တို့အသိပညာနှင့် ကျွန်တော်တို့သတ္တိကို ဖော်ထုတ်ပေးသည်" ဟုပင် ဖြစ်သည်။ ပြဿနာတစ်ရပ်ကို ချဉ်းကပ်ရန် အကောင်းဆုံးနည်းလမ်းတစ်ရပ်မှာ ကစားပွဲစိတ်ဓာတ်ဖြင့်ဖြစ်သည်။ စစ်တုရင်ကစားပွဲတစ်ခုကို သင်ချဉ်းကပ်နည်းမျိုးသို့မဟုတ် ကစားကွင်းဘတ်စကက်ဘောလုံးဝိုင်းတွင် တစ်ယောက်ချင်းစိန်ခေါ်ကစားမှုပြုသည်မျိုးဖြစ်သည်။

ပြဿနာနှင့် ကစားရာတွင် ကျွန်တော်အနှစ်ခြိုက်ဆုံး နည်းလမ်းတစ်ရပ် အထူးသဖြင့် မျှော်လင့်ချက်ကင်းပုံရသောပြဿနာနှင့်ပတ်သက်လျှင်ကား "ဒီပြဿနာကို ပျော်စရာအကောင်းဆုံးဖြေရှင်းနည်းကဘာလဲ"ဟု ကိုယ့်ကိုယ်ကိုယ်မေးမြန်းခြင်းပင်ဖြစ်သည်။ ထိုမေးခွန်းသည် အတွေးအမြင်လမ်းသစ်များ မပြတ်မလပ်ဖွင့်ပေးတတ်စမြဲပင်ဖြစ်သည်။

"ခင်ဗျားဘဝရဲ့ပြဿနာတိုင်းမှာ ဓာတ်ခံလက်ဆောင်တစ်ခုပါစမြဲ" ဟု Illusions စာအုပ် စာရေးဆရာ ရစ်ချတ်ဘတ်က ဆိုခဲ့သည်။

ဒေါက်တာ အင်ဒရူးဝေးလ်သည် သူ၏သဘာဝကုသနည်းပညာလေ့လာမှုအကြောင်း ဆိုညွှန်းရာတွင် "ဖျားနာမှုကိုပင် လက်ဆောင်မွန်အဖြစ်သတ်မှတ်ရန်" အကြံပြုထားသည်။ "ဖျားနာမှုသည် အလွန်ပင်အင်အားကြီးမားသော ပြောင်းလဲမှုစေ့ဆော်အားဖြစ်နိုင်သောကြောင့် ယင်းသည် တချို့လူများအား ယင်းတို့၏ အနက်ရှိုင်းဆုံးပဋိပက္ခများကို ဖြေရှင်းရန်အတွက် တစ်ခုတည်းသောအရာဖြစ်နိုင်သည်" ဟု Spontaneous Healing စာအုပ်တွင် သူရေးသားခဲ့သည်။

"သူတို့ကိုယ်သူတို့ ယခင်နေကောင်းစဉ်ကထက် ပိုမိုတိုးတက်ကောင်းမွန်ရန် အကောင်းဆုံးအခွင့်အရေးများရရှိသည်" ဟု သတ်မှတ်လေ့ရှိသော အောင်မြင်သောလူနာများရှိကြသည်။ အမှန်အကန်လက်ဆောင်မွန်အဖြစ် ယူဆသည်။ ဖျားနာမှုကို ကုသိုလ်ကံဆိုးမှု၊ အထူးသဖြင့် မထိုက်လျောက်စွာ ခံစားရမှု မြင်ခြင်းသည် ကုသမှုစနစ်ကို အနှောင့်အယှက်ပြုနိုင်ပါသည်။ ဖျားနာမှုကို လက်ဆောင်မွန်အဖြစ်မြင်စိတ်ရှိလာခြင်းသည် အကောင်းမြင်စိတ်ဖြင့် ရောဂါများကို သက်သာပျောက်ကင်းနိုင်စွမ်း ရှိပါသည်။

သင့်ပြဿနာများကို ကျိန်စာများအဖြစ် မြင်ခြင်းသည် ဘဝအတွက် သင်ရှာဖွေနေသော စေ့ဆော်အားကို တွေ့ရခက်စေမည်။ ပြဿနာများကို ရှောင်ပြေးသူများသည် မည်သည့်အချိန်တွင်မှ အောင်မြင်နိုင်မည် မဟုတ်ချေ။

သင့်ပြဿနာများက ပြောပြလာမည့်အခွင့်အလမ်းများကို သင်ချစ်တတ်လာပါလျှင် သင့်ဘဝတိုးတက်ရေးစွမ်းအင်များ နိုးကြားတက်ကြွလာစေမည်။ ပြဿနာများကို ဖြေရှင်းရင်း သင်ပျော်ရွှင်လာပေမည်။

**Ref: Enjoy problems happily by Steve Chandler**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်စု
### အသက် (၁၀၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ် (၂၀)နေ (ဦးဖိုးခင်)၏ဇနီး၊ ဦးစွတ်တင်(ခ)ဦးအန်တက်-ဒေါ်လှလှအေး၊ (ဦးမောင်စိန်)-ဒေါ်တင်တင်အေး၊ (ဦးချစ်ဦး-ဒေါ်ခင်မာဝင်း)၊ ဦးချစ်သိန်း-ဒေါ်နွဲ့နွဲ့၊ ဦးမောင်မြင့်-ဒေါ်ခင်မြင့်အေး၊ ဦးချစ်သန်း-ဒေါ်အေးအေးရီ၊ ဦးစန်းဝင်း-ဒေါ်ခင်စန်းငွေးတို့၏မိခင်သည် အထက်ပါနေအိမ်၌ ၁၇-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၀၂နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၁-၂၀၂၂(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်စု
### အသက်(၁၀၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ (၁၂)လမ်း၊ အမှတ်(၂၀)နေ (ဦးဖိုးခင်)၏ဇနီး၊ ကိုကျော်စိုးလွင်-မနီနီဝေ၊ ကိုကျော်စိုးသွင်-မမူမူဝင်း၊ ကိုဝင်းမင်းထွန်း-မသဇင်အေး၊ ကိုမျိုးကျော်-မနှင်းနှင်းဝါ၊ ဒေါက်တာထက်မြက်ထွန်း-မမြတ်မြတ်သင်း၊ ကိုကျော်ဇေယျာဦး-မအေးသီသီဝင်း၊ ဒေါက်တာကုမ္မွေး-ဒေါက်တာချိုချိုအောင်၊ ကိုအောင်သူ-မသူဇာအေး၊ ကိုကျော်မင်းသူ- မနှင်းသီတာဝင်း၊ ကိုကျော်ဝင်းမင်း၊ ဒေါက်တာစည်သူဖြိုး၊ ကိုဝေယံချစ်ဦး၊ ဒေါက်တာသူရဇော်၊ ဒေါက်တာထွန်းနိုင်လင်း၊ ကိုမြတ်သူ၊ ကိုရဲကျော်ဦး၊ မသွယ်မာဦး၊ မအေးအေးအောင်၊ မမီမီချို၊ မလဲ့လဲ့ထွန်း၊ မသဥ္ဇာအောင်တို့၏အဘွား၊ မြစ်ရှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁-၂၀၂၂ (တနင်္လာနေ့) နံနက် ၇:၀၂ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၉-၁-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်အောင်
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၈၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့နေ( ဦးဘုန်းမိုး-ဒေါ်စိန်မေ)တို့၏ သားငယ်၊ (ဦးထွန်းဘွား- ဒေါ်ငွေရှင်)တို့၏သားသမက်၊ (ဦးဝင်းကြည်- ဒေါ်ခင်သန်းငွေး)၊ (ဦးဝင်းရည်)-ဒေါ်အမာတင်တို့၏ ညီငယ်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ (၁၂၃)လမ်း၊ အမှတ် (၁၀၁)၊ သုံးလွှာ(A)နေ [ဒေါ်ကြည်ကြည်အေး (ကြည်ကြည်အေးဇာဘော်လီ)]၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးမြင့်အောင်၏ ချစ်လှစွာသောဖခင်သည် ၁၆-၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၆:၂၅ နာရီတွင် SSC ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၈-၁-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၂၄၄၉၂ ဗိုလ်ကြီး သိန်းမြင့်(ငြိမ်း)
### ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၆)
### အသက်(၆၀)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ တပ်ကုန်းမြို့နေ ဦးသာခ-ဒေါ်လှကြည်တို့၏ သား၊ ဒေါ်သိန်းငွေ၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်ကြီးသိန်းမြင့်(ငြိမ်း)သည် ၁၆-၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၁၆:၃၀ နာရီတွင် တပ်မတော်ဆေးရုံ (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈၆)မှ**
**သူငယ်ချင်းများနှင့်မိသားစုများ**

---

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၊ ၈၊ ၉၊ ၁၀-သမိုင်း)၊ မြေကွက်အမှတ်(၂)၊ ဧရိယာ(၁.၇၄၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသည့် ဧရိယာ(၅၁'.၄''x၇၂'.၉'') (၃၃၉၃)စတုရန်းပေ အကျယ်အဝန်းရှိ မြေကွက်အမှတ် (ယာယီ G-7)ဟုခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သီရိမွန်ပလာဇာ၊ သီရိမွန်(၁)လမ်းနှင့် (သမိုင်းဘူတာရုံလမ်းထောင့်)ရှိ မြေကွက်အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းစိန်(ခ)ဒေါ်နီ [၁၂/လသန(နိုင်)၀၀၆၈၂၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(လိုင်စင်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

## ဦးစံထွန်းအောင်(ခ) ကိုစံသိန်း
### ရွှေတိဂုံစေတီတော် ရခိုင်မောင်မယ်တံမြက်စည်းလှည်းအသင်း-နာယက
### တောင်ဒဂုံသာရေးနာရေးအသင်း-ကြီးကြပ်ရေးမှူး
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မီးဒုံး(၂)လမ်း၊ အမှတ် (၁၃၇/၈)နေ (ဦးကြောင်းသာအောင်-ဒေါ်ထွန်းမြခိုင်)တို့၏သား (ဦးမဲလူ-ဒေါ်အဝိုင်း)တို့၏ သားသမက်၊ ဦးတင်အေး-ဒေါ်သန်းတင်တို့၏တူ၊ ဦးသိန်းမောင်-ဒေါ်မဦးတို့၏ညီ၊ ဦးလှအေး-ဒေါ်နီနီအေးတို့၏ အစ်ကို၊ ဒေါ်မခင်အေး၏ ချစ်လှစွာသောခင်ပွန်း၊ မမေဇင်သူ၊ မမေအေးခိုင်၊ မမေမြတ်သူတို့၏ ချစ်လှစွာသောမွေးသဖခင်ကျေးဇူးရှင် ဦးစံထွန်းအောင်(ခ) ကိုစံသိန်းသည် ၁၆-၁-၂၀၂၂ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝေဝင်း-ဒေါ်ရင်ရင်တင့်**
**ဖွဲ့ရတနာတိုင်းရင်းဆေးတိုက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မှန်ချိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်လှိုင်မြင့် (ကျုံမငေး)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးခင်မောင်ဝင်း (ရွှေမန်းတောင်တိုင်းရင်းဆေးတိုက်)၏ ဇနီး ဒေါ်ခင်လှိုင်မြင့် အသက် (၇၅) နှစ်သည် ၁၅-၁-၂၀၂၂ ရက် နံနက် ၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စွယ်စုံတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

---

**ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၊ ၈၊ ၉၊ ၁၀-သမိုင်း)၊ မြေကွက်အမှတ်(၂)၊ ဧရိယာ(၁.၇၄၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ မခွဲမစိတ်ရသေးသည့် ဧရိယာ(၅၁'.၄''/၄၉'.၁၀''x ၅၁'.၄''/၆၁'.၆'') (၂၇၉၇)စတုရန်းပေ အကျယ်အဝန်း ရှိ မြေကွက်အမှတ်(ယာယီ G-3)ဟုခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ သီရိမွန်ပလာဇာ၊ သီရိမွန်(၁)လမ်းနှင့် (သမိုင်းဘူတာရုံလမ်းထောင့်)ရှိ မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်ကို တရားဝင်အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းစိန်(ခ)ဒေါ်နီ[၁၂/လသန(နိုင်)၀၀၆၈၂၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B)(လိုင်စင်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

## အပြင်ထွက်တိုင်း
## ပါးစပ်နှင့် နှာခေါင်းစည်း (MASK)ကို
## စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး
## ဆရာကြီး ဒေါ်ဝိစာရီ (ဒေါ်ဝင်းကြည်) (သုံးခွမြို့)
### ရတနာသုခအောင်ကျောင်းတိုက်၊ ဝိရတီတောရ၊ သန်လျင်မြို့
### သက်တော်(၈၂)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ (၁၆)လမ်းအနောက်၊ အမှတ် (၁၉/က)နေ (ဦးသစ်-ဒေါ်မြခင်)တို့၏သမီး၊ (ဦးသိန်းအောင်)၏ဇနီး၊ ဦးစိန်အောင် (မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကိုယ်စားလှယ်လုပ်ငန်းဌာန)-ဒေါ်သန်းသန်းမော်၊ ဒေါ်ယဉ်ယဉ်ကြည်အောင် (မေတ္တာမွန်ဆေးခန်း)၊ ဦးစိုးမြင့်အောင် (ပြည်တွင်းရေကြောင်းပို့ဆောင်ရေး)-ဒေါ်အေးအေးသန်း(ဆသရ)၊ ဒေါ်သန္တာကြည်အောင်(ဆသရ)၊ ဒေါက်တာမင်းကျော်အောင်-ဒေါ်ဝါဝါမျိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၁-၂၀၂၂ (တနင်္ဂနွေနေ့) ည ၁၀:၄၅ နာရီတွင် ၉၆ ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၂၂ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မေသန်း
### သုဝဏ္ဏ
### ကျောင်းကုန်းမြို့နယ်အသင်းဝင်
### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ကမာကြည်လမ်း၊ တိုက်(၁၆၂/၁)၊ ဆေးသုတေသနဦးစီးဌာန အရာရှိရိပ်သာနေ (ဦးတင်ရှိန်)၏ဇနီး၊ ဦးအောင်ကြည်-ဒေါ်အေးအေးရှိန်(ဆေး/သု)၊ ဒေါ်ညိုညိုရှိန်(ကကငွေ-ငြိမ်း)၊ ဦးသန်းနိုင်-ဒေါ်သန်းသန်းရှိန်(ရကတ-ငွေ)၊ ဦးမျိုးထွန်း-ဒေါ်စန်းစန်းထွေးတို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဦးဖြိုးဝေကျော်(ဆေး/သု)၊ ဒေါ်ဝင်းလဲ့ရည်အောင် (Singapore Embassy)၊ ဦးစိုးဝေယံပိုင် (TKS Co., Ltd)၊ မသိမ့်ဟန်နီထွန်း၊ မအိမ့်ဟန်နီထွန်း၊ မောင်ဟိဏ်းဝေယံနိုင်၊ မအိမ့်သဥ္ဇာခိုင်၊ မအိမ့်သူဇာခိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၆-၁-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူမိခင်ကြီး၏ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သိန်းလှ
### (ကျိုက်ထော်)
### အသက်(၈၅)နှစ်

ကျိုက်ထော်မြို့နေ (ဦးခင်မောင်-ဒေါ်ငြိမ်းငြိမ်း)တို့၏သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၁၁/B)၊ ပ-ထပ်၊ (၉၂)လမ်းနေ (ဦးစောလွင်)၏ဇနီး၊ ဦးအောင်ကိုကို(ခ)Michael Lwin- ဒေါ်နန်းလေးသွယ် (Sydney)၊ ဦးမောင်မောင်ဝင်း၊ ဒေါ်ခင်မိမိလွင်တို့၏ ချစ်လှစွာသောမိခင်၊ မထက်ထက်အောင်(ခ) Sonia and Sheldon Tang ၊ ဝင်းရူပါသွယ်၊ မောင်နေသီဟအောင်(ခ)Don၊ မဇေကရီမြတ်မော်၊ မဇင်မော်နန်းတင်တို့၏ အဘွားသည် ၁၆-၁-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၁-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးထိန်ဝင်း(ခ)သားကြီး
### အသက်(၅၈)နှစ်

ဦးထွေးရင် (အင်းစိန်မြို့နယ်စုဥပဒေအရာရှိ-ငြိမ်း)-ဒေါ်တင်တင်ကြည်တို့၏သား၊ ဒေါ်သန်းသန်းထွေး၊ ဒေါ်လှလှထွေး၊ ဦးဘခိုင်၊ ဒေါ်ရီရီထွေး၊ ဦးထိန်လင်း(ခ)သားငယ်တို့၏ မောင်/ညီ/အစ်ကို၊ အမှတ် (၅၃/၅၈)၊ မနော်ဟရီလမ်းနှင့် တော်ဝင်လမ်းထောင့်နေ ဒေါ်မာလာမြင့်၏ခင်ပွန်း၊ မောင်ကောင်းမြတ်ထွန်း၏ဖခင် ဦးထိန်ဝင်း(ခ)သားကြီးသည် ၁၆-၁-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းနှင့် ကိစ္စအဝဝအား ကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု


---

## သင့်
## သွေးဖြင့်
## အသက်
## ကယ်ပါ

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- အိမ်အတွင်းနှင့် ခြံဝင်းအတွင်း ရေပိုက်မလုံမှု၊ ရေဘုံဘိုင် ရေစိမ့်မှု တို့ကို ပြုပြင်ပါ။
- ရေယိုစိမ့်မှုကြောင့် ရေတင်ချိန်ပိုများလေ မီတာခ ပိုကုန်ကျမှု ဖြစ်စေပါမည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးသည် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို အကျိုးသက်ရောက်မှုရှိ

## ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ထိန်းချုပ်မှုများ အပြည့်အဝ ပူးပေါင်းဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၇**

မြန်မာ-တရုတ် နယ်စပ်မြို့များတွင် ကိုဗစ်-၁၉ စင်တာများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

**ယနေ့ ဖတ်စရာ**


SARS-CoV-2 Variant Omicron (**အိုမီခရွန်**) **ရောဂါပိုး ထပ်မံတွေ့ရှိရမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၉

**အိန္ဒိယနိုင်ငံ၌ ငါးရက်ဆက်တိုက် နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ နှစ်သိန်းကျော်ရှိခဲ့** စာမျက်နှာ » ၁၃


PDF **အမည်ခံ အကြမ်းဖက်အဖွဲ့များက ရဟန်းသံဃာများကို အကြောင်းအမျိုးမျိုးပြ စွပ်စွဲ၍ ရက်စက်စွာသတ်ဖြတ်** စာမျက်နှာ » ၁၅

**ဘီဘာအိုအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်စူပါဖလား ၁၂ ကြိမ်မြောက် ဆွတ်ခူး** စာမျက်နှာ » ၂၂


# စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ ရွှေဆိုင် တစ်ဆိုင်အား အကြမ်းဖက်သမား ငါးဦးက သေနတ်နှင့် လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု၊ တန်ဖိုးငွေကျပ် ၃၀၆၉ သိန်းခန့် ဓားပြတိုက်ယူဆောင်









**နေပြည်တော် ဇန်နဝါရီ ၁၇**

စစ်ကိုင်း တိုင်းဒေသကြီး အင်းတော်မြို့ရှိ ရွှေဆိုင်တစ်ဆိုင်အား ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်သမား ငါးဦးက သေနတ်နှင့် လက်လုပ်မိုင်းများ အသုံးပြုခြိမ်းခြောက်ကာ ရွှေထည်ပစ္စည်းမျိုးစုံ ၁၄၈၇ ခု၊ တန်ဖိုးငွေကျပ် ၃၀၆၉ သိန်းခန့်ကို ဓားပြတိုက် ခြိမ်းခြောက်ယူဆောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဖွင့်လှစ်ထားရှိ**

ဖြစ်စဉ်မှာ အင်းတော်မြို့ အောင်ချမ်းသာရပ်ကွက် သီတာအေးလမ်းနေ ဦးတင်အောင် (၆၆) နှစ် (ဘ)ဦးချွန်စိန်နှင့် ဒေါ်ခင်ခင်ကြီး (၆၁)နှစ် (ဘ) ဦးကိုလေး တို့သည် ၎င်းတို့၏ နေအိမ်၌ “ဦးတင်အောင်+ဒေါ်ခင်ခင်ကြီး” အမည်ဖြင့် ရွှေဆိုင်နှင့်အပေါင်ဆိုင် လုပ်ငန်း ဖွင့်လှစ်ထားရှိကြောင်း၊

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍